မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၆ ရက်၊ သောကြာနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၅၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂါနာသမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၆

၂၀၀၉ ခုနှစ် မတ် ၆ ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂါနာသမ္မတနိုင်ငံ သမ္မတ ဂျွန် အီဗန်စ် အက်တာ မေးလ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



မတ် ၅ ရက်က ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနိက အဆောက်အအုံများကို ကြည်ညိုဖွယ်ရာ တွေ့မြင်ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်း အညွှန်း

အထက်ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်းသည် မဂ္ဂါဝပ် ၇၀ ရှိ ဖရန့်စစ်တာဘိုင် (Francis Vertical Shaft) အမျိုးအစား စက်နှစ်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ်၁၄၀မှ နှစ်စဉ်ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၅၄ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး ၃၁ ဒသမ ၅၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်။

သတင်း စာ - ၃

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၆ရက်)

နည်းပညာနှင့်အရင်းအနှီးပေါင်းစပ် စီးပွားဖြစ်လက်ဖက်စိုက်ခင်းများထူထောင် အခွင့်အလမ်းကောင်းများ အသုံးချ ကြိုးပမ်းစိုက်ပျိုး

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ်သည် လက်ဖက်စိုက်ပျိုးဖြစ်ထွန်းသည့် ဒေသဖြစ်သည်။ ယခုကဲ့သို့ အချိန်ကာလတွင် ရှိပြီးလက်ဖက်စိုက်ခင်းများကို လိုအပ်သည့် နည်းပညာနှင့် အရင်းအနှီးများပေါင်းစပ်ပြီး စီးပွားဖြစ်စိုက်ခင်းကြီးများ ထူထောင်ရမည်ဖြစ်သည်။ ယခုအခါ လက်ဖက်ရွက်ကို အလှကုန်နှင့်လူသုံးကုန်ပစ္စည်းများအတွက် ကုန်ကြမ်းအဖြစ် အသုံးပြုလျက်ရှိသည်။ တန်ဖိုးမြင့်ကုန်ပစ္စည်းအဖြစ် ထုတ်လုပ်ရောင်းချနိုင်သည့် အခွင့်အလမ်းကောင်းများကို အသုံးပြု၍ ကြိုးပမ်းစိုက်ပျိုး သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ဖက်စိုက်ပျိုးပြီးဧကတွင် တစ်နိုင်ငံလုံး၏ ရာခိုင်နှုန်း ၈၀သည် နမ့်ဆန်ဒေသ၌ရှိရာ လက်ဖက်နှင့်ဆက်စပ်စီးပွားရေးလုပ်ငန်းများတိုးတက်ရန် စိုက်ပျိုးသူတောင်သူများနှင့် ဝယ်ယူရောင်းချသူများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များ၏ စီးပွားရေး၊ လူမှုရေးနှင့်ဒေသဖွံ့ဖြိုးရေး၏ လိုအပ်ချက်များကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးလျက်ရှိရာ၌ နမ့်ဆန်မြို့နယ် အပါအဝင်ဖြစ်သည်။ နမ့်ဆန်မြို့နယ်သည် လက်ဖက်စိုက်ပျိုးရန် အကောင်းဆုံးသော ရာသီဥတု၊ ရေမြေသဘာဝနှင့် ကိုက်ညီသဖြင့် အရည်အသွေးကောင်းလက်ဖက်များ စိုက်ပျိုးထွက်ရှိရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။

နမ့်ဆန်မြို့နယ်သည် သွားလာရန်ခက်ခဲသည့် မြို့နယ်ဖြစ်၍ ဒေသခံတိုင်းရင်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် ခုတင်(၅၀)ဆံ့ ဆေးရုံတစ်ရုံ အဆင့်မြှင့်တည်ဆောက်ပေးရန် စီစဉ်လျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေးနှင့် စပ်လျဉ်း၍လည်း နမ့်ဆန်-ကျောက်မဲ၊ နမ့်ဆန်-သီပေါ၊ နမ့်ဆန်-မန်တုံလမ်းများ အဆင့်မြှင့်တင် ဖောက်လုပ်သွားမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်ဝန်း မျှတစွာဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည့် အခြေခံအဆောက်အအုံများစွာကို ကဏ္ဍစုံ၌ တည်ဆောက်ပေးထားပြီးဖြစ်ရာ ယင်းအခြေခံကောင်းများကို ပြည်သူများအကျိုးရှိရှိ အသုံးချရန် စည်းရုံးဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးများကို ကဏ္ဍစုံမှ ဖြည့်ဆည်းတည် ဆောက်ပေးလျက်ရှိရာ ဒေသခံတိုင်းရင်းသား ပြည်သူများက နိုင်ငံတော်နှင့်မိမိဒေသအကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် လက်တွဲကြိုးပမ်း သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၃-၂၀၀၉ (သောကြာနေ့)

AM & PM

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ **တောင်ဘို့ပမာ ကိုယ်ခန္ဓာ** တရားတော် (အပိုင်း-၂) (ရေနံချောင်းဆရာတော် ဘဒ္ဒန္တဇနိတ)
- ၇:၅၅-၁:၅၅ ပန်းကလေးများသဖွယ် နုနုနယ်နယ်အရွယ်
- ၈:၂၀-၂:၂၀ VJ Choice
- ၈:၄၅-၂:၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အများနှင့်မသက်ဆိုင်သောသူ**
- ၉:၁၀-၃:၁၀ တေးဂီတအစီအစဉ်
- ၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅-၃:၂၅ လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
- ၉:၅၅-၃:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၀-၄:၀၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀:၂၀-၄:၂၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၂၅-၄:၂၅ တေးဂီတအစီအစဉ်
- ၁၀:၃၀-၄:၃၀ Yangon Panorama သုတေသနစာတမ်းဖတ်ပွဲ (ICCA 2009)
- ၁၀:၄၅-၄:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၅၅-၄:၅၅ **ရွှေဖြူ** ဟုခေါ်သည် (အပိုင်း-၁)
- ၁၁:၁၅-၅:၁၅ ယနေ့သိပ္ပံနှင့်နည်းပညာ
- ၁၁:၃၀-၅:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၃၅-၅:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀-၅:၄၀ ကြည်ညိုဖွယ်အထူး ဘုရားဖောင်တော်ဦး
- ၁၁:၅၀-၅:၅၀ Art Vision (Aung Myat Htay 2009 Solo Art Exhibition)
- ၁၂:၀၀-၆:၀၀ ဂီတသံစဉ်အလှဆင် **ဟေမာနေဝင်း**
- ၁၂:၁၅-၆:၁၅ ဓာတ်ပုံထဲမှ အမှတ်တရများ (အဆိုတော် သရုပ်ဆောင်ထွန်းထွန်း)
- ၁၂:၄၅-၆:၄၅ **အသိစိတ်ကလေး အရင်းတည်၍** ဖြိုးငွေစိုး၊ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၆-၃-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၂၅ ၅။ မဟာဂီတချိုကြည်မြ
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅:၁၀ ၈။ မြို့ပုသိမ်မှ မြန်မာ့မှန်
- ၅:၃၅ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅:၄၀ ၁၀။ အဆိပ်သင့်ပျားနဲ့ ပန်းမမ
- ၅:၅၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၄၅ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၅၉)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ စိုက်ပျိုးသုတ
- ၂၂။ ရှင်သန်နေသောသီချင်းများ (Living Songs) တေးမြို့ငှက်ရဲ့ တောင်ပံခတ်သံ (အပိုင်း-၁) မောင်သစ်မင်း
- ၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၃၁)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း Industry Reporting System Software အသုံးပြုနည်းသင်တန်း အမှတ်စဉ်(၁/၂၀၀၉)နှင့် လုပ်ငန်းဆိုင်ရာ ပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၀၉) သင်တန်းများဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမှတ် (၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်ပွဲ ဝန်ကြီး ဦးအောင်သောင်း တက်ရောက် အမှာစကားပြောကြား

နေပြည်တော် မတ် ၅

အမှတ်(၁)စက်မှုဝန်ကြီးဌာန Industry Reporting System Software အသုံးပြုနည်း သင်တန်းအမှတ်စဉ်(၁/၂၀၀၉)နှင့် လုပ်ငန်းဆိုင်ရာ ပညာပေးသင်တန်းအမှတ်စဉ်(၁/၂၀၀၉)သင်တန်းများဖွင့်ပွဲကို မတ် ၃ရက်က နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၈၆ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြက်ငှက်တုပ်ကွေးကြောင့် သေဆုံးသူ အင်ဒိုနီးရှား၌ စုစုပေါင်း ၁၁၉ဦးရှိ

ဂျကာတာ မတ် ၅

အင်ဒိုနီးရှားနိုင်ငံ၌ ဖေဖော်ဝါရီလအတွင်းက ကြက်ငှက်တုပ်ကွေးရောဂါကြောင့် လေးဦးသေဆုံးပြီး ထိုရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၁၁၉ဦးရှိသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက မတ် ၃ရက်တွင် ပြောကြားသည်။

ထုတ်ပြန်ကြေညာ

ဖေဖော်ဝါရီလတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသူ လေးဦးရှိပြီး လေးဦးစလုံး သေဆုံးသွားကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အမေရိကန်ပြည်သူများ စီးပွားရေးကြောင့် အိပ်မပျော်နိုင်

လော့စ်အိန်ဂျလိစ် မတ် ၅

စီးပွားရေးနှင့်ပတ်သက်၍ ရတက်မအေးဖြစ်ကြရသည့်အတွက် အမေရိကန်ပြည်သူသုံးပုံတစ်ပုံတို့မှာ ညအိပ်ရာတွင် အိပ်မရဘဲ မျက်စိကြောင်နေတတ်ကြကြောင်း ပြည်သူ့ဆန္ဒသဘောထား ကောက်ယူမှုမှတ်တမ်း၌ မတ် ၃ရက်က ဖော်ပြပါရှိသည်။

စိုးရိမ်ပူပန်

စီးပွားရေးအကျပ်အတည်းက ပိုမိုနက်ရှိုင်းလာသည့်အလျောက် အမေရိကန်ပြည်သူများမှာ သူတို့၏အလုပ်ကိစ္စ သို့မဟုတ် သူတို့ရရှိသော ဝင်ငွေကိစ္စတို့အပေါ် စိုးရိမ်ပူပန်လာကြရသည်။

ထို့ကြောင့်ပင် အီရတ်စစ်ပွဲ၊ အာဖဂန်စစ်ပွဲ၊ တစ်ကမ္ဘာလုံးပူနွေးလာမှုနှင့် အကြမ်းဖက်တိုက်ခိုက်မှုပြဿနာ စသည့်ရေးရာများကို အာရုံမရောက်နိုင်တော့ဘဲ စီးပွားရေးပြဿနာသာလျှင် ခေါင်းထဲရှိနေကြသည်ဆိုသည်။ အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အသက်ရာကျော် ဂျပန်ပြည်သူများ နိုင်ငံတစ်ဝန်း ၃၆၄၃၆ဦးရှိ

တိုကျို မတ် ၅

ဂျပန်နိုင်ငံတွင် အသက်၁၀၀ပြည့်သူ အဘိုးအဘွားများအား စက်တင်ဘာ ၁၅ရက်ရောက်တိုင်း ငွေဖလားအပါအဝင် မွေးနေ့လက်ဆောင်များပေးလာသည်မှာ ၁၉၆၃ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်သည်။

၁၉၆၃ခုနှစ်က အသက်၁၀၀ပြည့်သူ ၁၅၃ဦးသာရှိခဲ့သော်လည်း ယမန်နှစ်က ၁၉၇၆၉ဦးရှိလာသဖြင့် မွေးနေ့လက်ဆောင်ပေးမှု ကုန်ကျစရိတ်မှာလည်း ကြီးမားလာသည်။ ငွေဖလားအရွယ် လျှော့ခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေရန် စီစဉ်လျက်ရှိသည်။

ကျန်းမာရေးကောင်း

ဂျပန်ပြည်သူတို့သည် ကမ္ဘာပေါ်တွင် အသက်အရှည်ဆုံး ပြည်သူများဖြစ်သည်။ အသက်ရှည်ရခြင်းတွင် အစားအစာနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကောင်းခြင်းတို့က အဓိက အကြောင်းအရင်းများ ဖြစ်သည်။ ယခုအခါ လူဦးရေ ၁၂၇ ဒသမ ၈သန်း ရှိသည့် ဂျပန်နိုင်ငံ၌ အသက် ၁၀၀ ကျော်သူ ၃၆၄၃၆ဦးရှိသည်ဟု သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း လျှပ်စစ်(၁)ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် မတ် ၄ရက် နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၅မိုင်ခန့်အကွာ အမှတ်(၁) တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး ရှုရပ်မှ စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုကာ ယာယီရေတားတမံ တည်ဆောက်ပြီးစီးမှုနှင့် ပင်မတမံ တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရေကာကွန်ကရစ်နံရံ (Separation Wall) တည်ဆောက်မည့်နေရာကို စိန်လွန်ကျင်းတူးဖော်နေမှုနှင့် စက်ယန္တရားကြီးများဖြင့် မြေကြီးကျောက်သားများ တူးဖော်နေမှုတို့ကိုလည်းကောင်း၊ ဓာတ်အားပေးစက်ရုံ (Power House) မြေနေရာ မြေကြီးကျောက်သား တူးဖော်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် High Tech ကုမ္ပဏီက တာဝန်ယူတည်ဆောက်မည့် RCC Plant နေရာ၌ RCC Batching & Mixing Plant Foundation လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု၊ တမံဝဲဘက်ကမ်းမှ ရေလွှဲဥမင် ရေလွှဲထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထုတ်လုပ်ပေးနိုင်

အဆိုပါ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသည် မဂ္ဂါဝပ်၇၀ရှိ ဖရန်စစ်တာဘိုင် (Francis Vertical Shaft) အမျိုးအစား စက်နှစ်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၄၀ မှ နှစ်စဉ်ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၅၄ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး ၃၁ဒသမ ၅၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာမင်္ဂလာအခမ်းအနားများသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား ဆေးဝါးများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၅

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိ စေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများသို့ ကြွရောက်တော်မူကြသည့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများအား ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဆေးဝါးများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့မွန်းလွဲ ၁နာရီတွင် ဆရာတော်ကြီးများ သီတင်းသုံးနေတော်မူသည့် သံဃာရာမ စံကျောင်းတော်များသို့ သွားရောက်လှူဒါန်းခဲ့ကြသည်။

စစ်ဆေးကုသ

လှူဒါန်းပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကု ဆရာဝန်ကြီးများ၊ အဖွဲ့ဝင်များ သွားရောက်၍ အနောက်တိုင်းဆေးဝါးများ၊ တိုင်းရင်း ဆေးဝါးများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများအား ကျန်းမာရေးအခြေအနေ လျှောက်ထားကာ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကုသပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

ကျန်းမာရေးစောင့်ရှောက်

မဟာမင်္ဂလာအခမ်းအနားများသို့ ကြွရောက်တော်မူကြသည့် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်နှင့် ဆရာတော် သံဃာတော်မြတ်များ၊ ပွဲတော်သို့လာရောက်ကြသည့် ရဟန်းရှင်လူ ပြည်သူများအတွက် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့က ဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာရေးဆရာကြီးသော်တာဆွေ ကွယ်လွန်ခြင်း(၁၄)နှစ်မြောက် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၅

စာရေးဆရာကြီး သော်တာဆွေ ကွယ်လွန်ခြင်း (၁၄)နှစ်မြောက် ဂုဏ်ပြု ဂါရဝပြုပွဲကို မတ် ၂ရက် နံနက်၉နာရီတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြု ဂါရဝပြုပွဲသို့ ဆင်ဖြူကျွန်းအောင်သိန်း၊ သောကြာဦးမောင်ကလေး၊ ဦးညွန့်တင် (သီဟညွန့်တင်)၊ ကမ္ဘာ့လှည့်တင်တင်စိန်၊ မရမ်းကုန်းမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်ဇော်၊မင်းရွှေမင်းတောင်ကုတ်(ကနောင်ဂျာနယ်)၊ နန္ဒာမိုးကြယ်၊ ကာတွန်းကြည်ဝင်း၊ ကောင်းမြတ်၊ ကြည်တင့်၊ ဝါဝါတင်လင်း၊ မနွယ်(ကလော)၊ ခရေ(သံလျင်) စသည့် ကဗျာဆရာများ၊ စာရေးဆရာများ၊ ဂျာနယ် မဂ္ဂဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာရေးဆရာ ကဗျာဆရာကြီး ဒေါက်တာထီလာစစ်သူက ဘဝသရုပ်ဖော်စာပေ၊ လူ့သဘော သဘာဝကို ဖော်ကျူးသည့် ဆရာသော်တာဆွေ၏ ဝတ္ထုတိုများစွာအနက်မှ (၁) လူလူချင်း ကိုက်စားနေကြပါသည်ခင်ဗျာ၊ (၂) လူ့မနော၊ (၃) မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း စသည့် စာပေရသမြောက်သော စာပေ ဂန္ထဝင်မြောက် ဝတ္ထုတိုသုံးပုဒ်ကို နှိုင်းယှဉ်သုံးသပ်၍ လူ့လောကအမြင်တရား၊ စာပေအမြင်တရား၊ လူ့လောက သစ္စာတရား၊ ကိုယ်ကျင့်သိက္ခာသီလတရား၊ လောကပါလတရားများနှင့် ယှဉ်၍ မီးမောင်းထိုးပြပြီး တင်ပြသည်။

ထို့နောက် ဆင်ဖြူကျွန်းအောင်သိန်းနှင့် သောကြာဦးမောင်ကလေးတို့က ဆရာသော်တာဆွေ အမှတ်တရ စကားများ ပြောကြားကြသည်။

ဆရာသော်တာဆွေသည် ဝတ္ထုတိုပေါင်း ၄၂၁ပုဒ်၊ ဝတ္ထုရှည်ခြောက်ပုဒ်၊ ဆောင်းပါး ၉၉ပုဒ်၊ ကဗျာ ငါးပုဒ်၊ ပုံပြင် သုံးပုဒ်နှင့် လုံးချင်းဝတ္ထု ၄၅အုပ် ရေးသားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

8 DAYS A WEEK ဂျာနယ်သစ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၅

ဖလားဝါးနယူးစ်ဂျာနယ်နှင့် ရန်ကုန်တိုင်းမ်ဂျာနယ်တို့ကို အောင်မြင်စွာ ထုတ်ဝေလျက်ရှိသော ရန်ကုန်မီဒီယာဂရု(ပ်)၏ မတူထူးခြားသော တင်ဆက်မှုအသစ်အဖြစ် 8 DAYS A WEEK အပတ်စဉ်ထုတ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁)ကို မတ် ၅ရက် (ကြာသပတေးနေ့)တွင် အရည်အသွေးမြင့်မားစွာ စတင်ဖြန့်ချိလိုက်ပြီ ဖြစ်ကြောင်း သိရသည်။

အရောင်အသွေးစုံလင်

တစ်ပတ်တာလုံး သတင်းများနှင့် မွန်းကျပ်နေသူများ 8 DAYS ဖြင့် စိတ်အပန်းဖြေနိုင်ရန် ဇင်ဝိုင်း၊ မင်းမော်ကွန်းသားအဖ၏ မိသားစုစကားဝိုင်း (Family Talk)၊ နေတိုးနဲ့ စိုးပြည့်သဇင်တို့ရဲ့ (Celebrities Debate)၊ ရွှေထိုက် ကိုယ်တိုင်ရေးတဲ့ ခံစားမှု၊ ရိုက်ကွင်းပေါ်ကအကြောင်းများ (Behind The Scenses)၊ ဖြူဖြူကျော်သိန်းရဲ့ ဖက်ရှင်ဒီဇိုင်း၊ ကျန်းမာရေးနှင့်ပတ်သက်သည့် (Health Knowledge) ၊ရှစ်ရက်စာ ဖျော်ဖြေရေးအစီအစဉ်အညွှန်း၊ နေ့နံသားသမီးများအတွက် ရှစ်ရက်စာ ဗေဒင်ဟောစာတမ်း၊ ရှစ်ရက်စာ ဟင်းအတွဲအစပ်များ၊ ခရီးသွားချင်သူများအတွက် (Travelling Information)၊ တစ်ပတ်အတွင်း အပန်းဖြေကြည့်ချင်ပွဲများ၊ နိုင်ငံတကာ ဖျော်ဖြေရေးအညွှန်း၊ အော်စကာဆုရသူများ၏ ဖက်ရှင်၊ ပူပူနွေးနွေး အော်စကာဆုရှင် ကိတ်ဝင်းစလက်နှင့် အင်တာဗျူးစသည့် ကဏ္ဍစုံစုံ ဓာတ်ပုံအရောင်အသွေး စုံလင်ဝေဆာစွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ် ကြာသပတေးနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ချိန်ခါမရွေး သတိပေး မီးဘေး ကင်းဝေးမှာ

မူခင်းကျဆင်းရေး ပညာပေးဟောပြော

မတ် ၅ရက်က လမ်းမတော်မြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ အမှတ်(၁) အမကဦ မူခင်းကင်းမဲ့ ရက်သတ္တပတ်အဖြစ် လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးထွန်းထွန်းဝေ မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ပညာပေးဟောပြောစဉ်။ (၁၀၄)

NIM ကျောင်းပညာရေးဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၅

Nanyang Institute of Management (NIM) ကျောင်း၏ ပညာရေး ဆွေးနွေးပွဲကို မတ် ၇ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် Myanmar Search International (MSI) Education Consultancy Services Co., Ltd. ၌ ကျင်းပမည်ဖြစ်ပြီး NIM ကျောင်းမှ ဒေါ်ချိုချိုဝင်း(Assistant Country Manager)က ကျောင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်း ပြောကြားမည်ဖြစ်သည်။ NIM ကျောင်း၌ Diploma in Tourism and Hospitality Management (DTHM) Program သို့ တက်ရောက်၍ Australia နိုင်ငံသို့ Paid Industrial Attachement အနေဖြင့် သွားရောက်အလုပ်လုပ်ကိုင်ခဲ့သော ကျောင်းသားနှစ်ဦးကလည်း လုပ်ငန်းခွင်ကာလအတွေ့အကြုံများကို ရှင်းလင်းပြောကြားမည်ဖြစ်သည်။

စင်ကာပူနိုင်ငံ Tanjong Pager Tamosek Tower (8 Shenton Way) ရှိ NIM ကျောင်း၌ Tourism and Hospitality Management, Casino Management, Early Childhood Education, Master of Business Administration စသည့် ဘာသာရပ်များကိုသင်ကြားပို့ချပေးမည်ဖြစ်သည်။

အခမဲ့ဖြေဆိုနိုင်

DTHM Program နှင့် Casino Management Program ၏ ဝင်ခွင့် အရည်အချင်းသတ်မှတ်ချက်မှာ IELTS-5.0 (သို့မဟုတ်)TOEFL-500 ရှိရမည်ဖြစ်ပြီး Early Childhood Education ၏ ဝင်ခွင့်သတ်မှတ်ချက်မှာ IELTS-6.5 ရှိရမည် ဖြစ်သည်။ Master of Business Admination (Health Service Management) ၏ ဝင်ခွင့်သတ်မှတ်ချက်မှာM.B.,B.S နှင့် ဘွဲ့ရရှိပြီး ၄င်းနယ်ပယ်နှင့် ဆက်နွယ်သော လုပ်ငန်းခွင်အတွေ့အကြုံ နှစ်နှစ်နှင့် IELTS-6.5 ရှိရမည်ဖြစ်သည်။ကျောင်း သားများသည် မိမိနှစ်သက်ရာ Program ၏ ဝင်ခွင့်သတ်မှတ်ချက်များမရှိပါက NIM ကျောင်း၏ ဝင်ခွင့်စာမေးပွဲ English Proficiency Test (EPT)ကို Myanmar Search International(MSI) Education Service Co., Ltd. ၌ ကြိုတင်စာရင်းသွင်း၍ အခမဲ့ဖြေဆိုနိုင်သည်။

DTHM Program ကို မြန်မာကျောင်းသားများအတွက် NIM ကျောင်းမှ Full Scholorship နှစ်ဆုကို ချီးမြှင့်ပေးမည်ဖြစ်ပြီး Scholorship အတွက် လျှောက်လွှာပိတ်ရက်မှာ မတ် ၁၅ရက် ဖြစ်သည်။

NIM ကျောင်းမှ ဘာသာရပ်များသည် စာလည်းသင်ရင်း လုပ်ငန်းအတွေ့အကြုံများကိုလည်း ရယူနိုင်သည်။ ကျောင်း၏ ထူးခြားချက်မှာ OJT ကို Student Pass ဖြင့်ဆင်းရပြီး အခြားကျောင်းများသည် OJT ကို Training Work Permit (TWP) ဖြင့်လုပ်ရသည်။

ဝန်ဆောင်မှုအကောင်းဆုံး

NIM ကျောင်းမှဟိုတယ်ပေါင်း၆၀ကျော်နှင့် Attachement လုပ်ပေးလျက် ရှိသည်။ MSI Company သည် မြန်မာနိုင်ငံ၌ ၂၀၀၇-၂၀၀၈ ကျောင်းသားများအတွက် ဝန်ဆောင်မှုအကောင်းဆုံး Top Representative တစ်ခုအဖြစ် NIM ကျောင်းမှ ပထမဆုံး ဆုလက်မှတ်ကို ချီးမြှင့်ထားခြင်းခံရသော ဝန်ဆောင်မှုကုမ္ပဏီ တစ်ခုဖြစ်သည်။

ကြိုတင်စာရင်းပေးသွင်းနိုင်

MSI က ကြီးမှူးကျင်းပသော NIM ကျောင်းအကြောင်း ဆွေးနွေးပွဲကို စိတ်ပါဝင်စားသူများသည် MSI Co., Ltd. အမှတ် ၂၃၄ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း-၃၈၉၉၃၅၊ ၀၉-၅၁-၀၃၉၃၅၊ ၂၅၀၉၂၉တို့သို့ ဆက်သွယ်စုံစမ်း ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

6-3 (03).pmd 1 3/6/2009, 1:43 AM

ကသာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဖေဖော်ဝါရီ ၂၁ရက် နံနက်ပိုင်းက ကသာမြို့ နယ်မြေခံတပ်ရင်း အောင်တံခွန်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံသည်။

တံတားကြံ့ခိုင်မှု

ဆက်လက်၍ တိုင်းမှူးသည် ကသာမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကသာဆိပ်ကမ်း၌ ရေလမ်းကောင်းမွန်ရေး ဆောင်ရွက်မည့်အခြေအနေ၊ ကသာမြို့တစ်ဖက်ကမ်း ငါးအိုး-အင်းဒရန့်-ပိုးဇာကုန်းလမ်းရှိ အင်းဒရန့်-ပိုးဇာကုန်းလမ်းပိုင်းဖောက်လုပ်ထားရှိမှု၊ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်စပ် ရွှေလီတံတားကြံ့ခိုင်မှုအခြေအနေနှင့် အင်းဒရန့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြို့ဝင်လမ်းပြုပြင်

တိုင်းမှူးသည် ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းက ကသာမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ကျင်းပသည့် တိုးချဲ့လူနာဆောင်သစ် အုတ်မြစ်စီမင်္ဂလာအခမ်းအနားသို့တက်ရောက်ပြီး ကသာမြို့ မြို့ဝင်လမ်း ပြုပြင်ဖောက်လုပ်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

နွေစပါးစိုက်ခင်း

ထို့နောက် တိုင်းမှူးသည် ကသာမြို့နယ် မိုးတားလေးကျေးရွာ တိုက်နယ်ဆေးရုံသစ်ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော နွေစပါး စိုက်ခင်းနှင့် ဆောင်းသီးနှံမြေပဲစိုက်ခင်းများကိုလည်းကောင်း၊ မိုးတားကြီးကျေးရွာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ပေးခဲ့သည့် စက်ရေတွင်း၊ မိုးတားကြီးအခြေခံပညာအထက်တန်းကျောင်းခွဲတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ဆူးပုတ်ကုန်းကျေးရွာ တွဲဖက်အခြေခံပညာမူလတန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအားတွေ့ဆုံပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရထားလမ်းဖောက်

ထို့နောက် တိုင်းမှူးသည် ဆူးပုတ်ကုန်းကျေးရွာ အနီးရှိ ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသို့ရောက်ရှိပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ ရထားလမ်းဖောက်လုပ်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပြင်ဦးလွင်မြို့ အနီးရှိ ရတနာပုံ မြို့သစ်စီမံကိန်း သဲရေစစ်ကန်နှင့် ရေလှောင်ကန် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ဆက်သွယ်ရေး)

ဆက်သွယ်ရေးစခန်းများနှင့် ရတနာပုံမြို့သစ် အိမ်ရာစီမံကိန်း ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း လိုက်ပါလျက် မတ် ၂ရက်က မန္တလေးတိုင်း သာစည်မြို့ GSM မိုဘိုင်းလ်စနစ် စခန်းသို့ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာများက GSM မိုဘိုင်းလ်စနစ်နှင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး စာတိုက်စခန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့်ဝန်ကြီးသည် သာစည်မြို့ မိုက္ကရိုဝေ့ဗ်စခန်းနှင့် အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးသည်။

ရေလှောင်ကန်ပြီးစီးမှု

ဝန်ကြီးနှင့် ဒုတိယဝန်ကြီး တို့သည် ယင်းနေ့တွင် ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ် စီမံကိန်းသို့ရောက်ရှိပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောက်လုပ်နေသည့် သဲရေစစ်ကန်နှင့် ရေလှောင်ကန်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

သတ်မှတ်ချိန်အတွင်း

ထို့နောက် ဝန်ကြီးသည် ရတနာပုံမြို့သစ် အိမ်ရာစီမံကိန်းနယ်မြေ၌ လမ်းများဖောက်လုပ်ထားရှိမှု၊ အိမ်ရာတည်ဆောက်နေမှု၊ Soft Base Factories နေရာ၌ ကုမ္ပဏီများက စက်ရုံ၊ အလုပ်ရုံများ ဆောက်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောက်လုပ်ကြရန်မှာကြား၍ Incuvation Centres များကို ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

ယင်းနောက် ဝန်ကြီးသည် ရတနာပုံ တယ်လီပို့အဆောက်အအုံ အစည်းအဝေးခန်းမ၌ တယ်လီပို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးဝင်းအောင် သင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် မတ် ၅

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးဝင်းအောင်သည် မတ်၃ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ စာရင်းစစ်ချုပ်ရုံးမှ နည်းပြများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကျောင်းအုပ်ကြီးသည် သင်တန်းသူများ၏အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ဖွင့်လှစ်သည့် ဘဏ္ဍာရေး စည်းမျဉ်းအထူးသင်တန်း အမှတ်စဉ်(၂၀)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သင်တန်းသူ ၁၅ဦး၊ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသူ ၃၀၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ သင်တန်းသူ ၁၅ဦး စုစုပေါင်း သင်တန်းသူ ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲ သဃ်န်းကျွန်းတွင် ကျင်းပ

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲကို မတ်၃ရက် နံနက်၉နာရီက သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း သုဝဏ္ဏ Goal Hotel ၌ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်သူညဏ်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ ဟိုတယ်မန်နေဂျာဦးရန်နောင်စိုး၊ လက်ထောက်မန်နေဂျာ ဦးသန်းနိုင်နှင့် ဝန်ထမ်းများ အင်အား ၆၀ကျော်တို့ စိတ်ပါဝင်စားစွာ တက်ရောက်ကြသည်။

သရုပ်ပြ

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်သူညဏ်ထွန်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးများနှင့် ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်း ပညာပေးဟောပြောပြီး ဟိုတယ်မန်နေဂျာ ဦးရန်နောင်စိုး၊ လက်ထောက်မန်နေဂျာ ဦးသန်းလှိုင်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၏ ရှေ့မှောက်၌ မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ဝန်ထမ်းများနှင့်အတူ မီးငြိမ်းသတ်နည်းများကို မီးသတ်ဆေးဘူးတို့ဖြင့် လက်တွေ့ကျကျ ငြိမ်းသတ် သရုပ်ပြခဲ့ကြသည်။ **(အောက်ပုံ)** (၁၂၁)

ကသာမြို့ တစ်ဖက်ကမ်း ငါးအိုး-အင်းဒရန့်-ပိုးဇာကုန်း လမ်းပိုင်း ဖောက်လုပ်နေ။

ရတနာပုံမြို့သစ် အိမ်ရာစီမံကိန်းနယ်မြေ၌ လမ်းနှင့် အိမ်ရာများ ဖောက်လုပ်တည်ဆောက်နေ။

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ခရမ်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၅

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မတ် ၂ ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ရွှေလှေကျေးရွာ၌ လေမုန်တိုင်းအကာအကွယ် အဆောက်အအုံ (Cyclone Shelter)နှင့် ကျေးရွာလမ်း၊ တံတားများ တည်ဆောက်သွားရမည့် အခြေအနေ၊ သောက်သုံးရေကန်များ ပြုပြင်ဆောင်ရွက်သွားရမည့် အခြေအနေနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေသည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ကျေးလက် ပြည်သူများအားတွေ့ဆုံကာ ကျေးလက်ဒေသများ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုနှင့် သဘာဝဘေးကြုံလာပါက အချိန်မီရှောင်တိမ်းခိုလှုံနိုင်မည့် လမ်းတံတားများ၊ အဆောက်အအုံများ စီစဉ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် ဝန်ကြီးသည် ခရမ်းမြို့ မောင်းမကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာနှင့် ညောင်ပင်ကွင်း ကျေးရွာအုပ်စုများသို့ ဆက်သွယ်သည့် ကျေးရွာချင်းဆက် ကွန်ကရစ်တံတား ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးအသင်း(ရန်ကုန်) အသင်းသားစုံညီအစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၅

မန္တလေးအသင်း(ရန်ကုန်)၏ (၃၂)ကြိမ်မြောက် အသင်းသားစုံညီ အစည်းအဝေး၊ (၃၃)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်များ၊ အမျိုးသားစာပေဆုရ မန္တလေးမှ စာရေးဆရာများနှင့် ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုရ မန္တလေးမှ အနုပညာရှင်များအား ဂုဏ်ပြုပွဲ၊ မန္တလေးချမ်းသာကြီး ဆန်အလှူအသင်းအား ဆွမ်းဆန်တော်ငွေ လှူဒါန်းပွဲတို့ကို မတ် ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း အမှတ် ၆၂၈/၆၃၂ ပထမထပ် အသင်းတိုက် ရတနာပုံ အနုပညာခန်းမဆောင်ကြီး၌ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ပညာရည်ချွန် ဆုပေးပွဲအတွက် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရသူများသည် အထောက်အထားများဖြင့် ဆက်သွယ် စာရင်းပေးပို့ကြရန်ဖြစ်ပြီး စေတနာရှင်၊ အလှူရှင်များအနေဖြင့် အသင်းတိုက်ဖုန်း-၃၈၈၆၈၃နှင့် ၃၇၅၅၉၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဖေဖော်ဝါရီ ၁၇ရက်တွင် ကျောက်တံတားမြို့နယ် အမှတ်(၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်အောင်ထွန်းက အဖွင့်အမှာစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးနှင့် စက်ရေတွင်းများ တူးဖော်ဆောင်ရွက်မှု မြို့တော်ဝန်ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် မတ် ၃ ရက် နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ပြည်လမ်းနှင့် ပါရမီလမ်းဆုံအနီး ပြည်လမ်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့ရေးအတွက် လူအား၊ စက်ယန္တရားအားတို့ဖြင့် ပြုပြင်ထိန်းသိမ်းနေမှု၊ သာကေတမြို့နယ် ၃/မာန်ပြေရပ်ကွက်ရှိ မာန်အောင်လမ်းနှင့် မာန်ပြေလမ်းထောင့်၌ ရပ်ကွက်နေပြည်သူများအား သောက်သုံးရေ ထပ်မံဖြည့်တင်း ပေးဝေနိုင်ရန် လူအား၊ စက်ယန္တရားအားတို့ဖြင့် စက်ရေတွင်းများ တူးဖော်ဆောင်ရွက်နေမှုနှင့် ရေဂါလန် တစ်သောင်းခွဲဆံ့ ရေစုကန် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဖြည့်တင်းပေး

အဆိုပါ တူးဖော်လျက်ရှိသည့် စက်ရေတွင်းများသည် တစ်နာရီလျှင် ရေဂါလန် ၇၀၀၀ ခန့်စီထွက်ရှိကာ လုပ်ငန်းများပြီးစီးပါက အိမ်ခြေနှစ်ထောင်ခန့်ကို သောက်သုံးရေထပ်မံဖြည့်တင်း ပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၆၄၂)ဆိုင်ရှေ့၌ ဖေဖော်ဝါရီ ၃ရက်က မီးဘေးကြိုတင် ကာကွယ်ရေးစီမံချက်အရ ဓာတ်တိုက်လေ့ကျင့်မှုပြုလုပ်ရာ ဆိုင်မန်နေဂျာဦးသန်းဆွေနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုကြီးနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး သရုပ်ပြရှင်းလင်းခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

စာပေပညာရှင်များ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၅

စာပေပညာရှင်များအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၈ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ-မွတ်ဆလင် အမျိုးသားရေးရာအဖွဲ့(ဌာနချုပ်)ဥက္ကဋ္ဌ ဗိုလ်ကြီးမြအောင်(ငြိမ်း)က မိတ်ဆက်စကားပြောကြားပြီး သံအမတ်ကြီး ဦးလှမောင်(ငြိမ်း)က ဂုဏ်ပြုပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ စာပေပညာရှင်လေးဦး၊ ဆေးဘက်ဆိုင်ရာ ပါမောက္ခလေးဦး၊ ဝိဇ္ဇာ သိပ္ပံပါမောက္ခသုံးဦး၊ (Ph.D)ဒေါက်တာဘွဲ့ရ ၂၆ဦး၊ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် ၁၃ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၃၈ဦးနှင့် လေးဘာသာဂုဏ်ထူးရှင် ၇၈ဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

ထို့နောက် ဦးလှရွှေ(လှရွှေနှင့်ညီများသစ်ဆိုင်)က ခြောက်ဘာသာဂုဏ်ထူးရှင်များအား ဂုဏ်ပြုငွေကျပ်တစ်သိန်းစီနှင့် ငါးဘာသာဂုဏ်ထူးရှင်များအား ဂုဏ်ပြုငွေကျပ်ငါးသောင်းစီ ထပ်မံချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ရွှေလှေကျေးရွာ၌ လေမုန်တိုင်းအကာအကွယ် အဆောက်အအုံတည်ဆောက်သွားမည်။

ပြည်လမ်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့ရေး လူအား၊ စက်ယန္တရားအားဖြင့် ပြုပြင်ထိန်းသိမ်းလျက်ရှိ။

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ပခုက္ကူ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ပခုက္ကူမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၉နာရီက ပခုက္ကူမြို့ စည်ပင်သာယာမြို့မဈေးကြီး၌ ကျင်းပရာ မီးသတ်ကားနှင့် ရေသယ်ယာဉ်များနှင့်အတူ သန္နေတပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ ခရိုင်နှင့်မြို့နယ်ဥက္ကဋ္ဌတို့က ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ (ဝ၇ဝ)

မိုးကောင်း၌ စာပေဟောပြောပွဲကျင်းပ

မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ပူးပေါင်း၍ ဇန်နဝါရီ ၁ဝရက်က ဆားမော်အောင်မင်္ဂလာကျောင်းတိုက်၌ အမေနေ့အခမ်းအနား စာပေဟောပြောပွဲကျင်းပရာ စာရေးဆရာ၊ ဆရာမတို့က စာပေရေးရာများ ဟောပြောကြသည်။ (ဝဝ၂)

ကောလင်း၌ ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ကောလင်းမြို့နယ် မိုးနှံအုပ်စု သုဝဏ္ဏကျေးရွာစာကြည့်တိုက်သို့ မိုးဟိန်းထွန်းရွှေအုပ်စုကုမ္ပဏီလီမိတက်မှ သုတ ရသစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၃ရက်က အဆိုပါသုဝဏ္ဏစာကြည့်တိုက်ခန်းမဆောင်၌ ကျင်းပရာ မိုးနှံကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးသောင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မိုးဟိန်းထွန်း ရွှေအုပ်စုကုမ္ပဏီလီမိတက် ဒါရိုက်တာဦးအောင်ငွေနှင့် အမှုဆောင်များ တက်ရောက်ကြသည်။ (ဝ၃၂)

ကျေးသီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ဆေးရုံ သန့်ရှင်းရေးကို ဖေဖော်ဝါရီ ၁၁ရက်က ရပ်ကွက်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ရေစကြို၌ ကြက်ဆူသီးများစုဆောင်းရရှိ

မကွေးတိုင်း ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ စီမံချက်ဖြင့် ရေစကြိုတစ်မြို့နယ်လုံး ခြံစည်းရိုးကြက်ဆူ ဧကပေါင်း ၃၂ဝဝဝခန့် စိုက်ပျိုးခဲ့ရာ ယခုအခါ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် မြို့နယ်သမဝါယမဦးစီးဌာနတို့တွင် ကြက်ဆူသီး တင်းပေါင်း ၁ဝဝဝခန့် စုဆောင်းရရှိနေပြီး ခြံစည်းရိုးကြက်ဆူကို မိုးရာသီတွင် အစားထိုးစိုက်ပျိုးခြင်းနှင့် တိုးချဲ့စိုက်ပျိုးခြင်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (ဝ၆၉)

အင်ပူ၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

၂ဝဝ၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဒုတိယအကြိမ်အဖြစ် အသက် ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးများတိုက်ကျွေးပွဲ အခမ်းအနားများကို ဖေဖော်ဝါရီ ၇ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း အင်ပူမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ဆေးတိုက်စုရပ် အသီးသီး၌ ကျင်းပခဲ့ကြသည်။ (၁၄ဝ)

ရမည်းသင်း၌ အခမဲ့ဆေးဝါးများကုသပေး

ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှု၊ မြို့နယ်ကျန်းမာရေးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အခမဲ့ဆေးဝါးကုသမှုနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၁ရက် နံနက် ၉နာရီက ရမည်းသင်းမြို့နယ် စံပြတဘက္ကာ ကျေးရွာအုပ်စု စီပင်ကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။ (၁၆၉)

နွားထိုးကြီး၌ မှုခင်းကျဆင်းရေး ညှိနှိုင်းစည်းဝေး

နွားထိုးကြီးမြို့နယ် မှုခင်းကျဆင်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ၃ရက်က မြို့နယ်စုပေါင်းရုံးတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမျိုးတင့်ဇော်၊ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးသန်းဝင်း၊ မြို့နယ်တရားသူကြီးဦးစိန်သန်း၊ မြို့နယ်ဥပဒေအရာရှိဦးတင်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ မှုခင်းကျဆင်းရေးလုပ်ငန်းများ ညှိနှိုင်းသည်။ (ဝ၉၂)

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ

ဘုရားသုံးဆူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ကြီးမှူး၍ (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ရက်က အမှတ် (၃)ရပ်ကွက် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကျော်ထင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကြည်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ (မြို့နယ် ထွေ/အုပ်)

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များ၏ အတွင်းရေးမှူးများ ညှိနှိုင်းအစည်းအဝေး(၁/၂ဝဝ၉)တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များ၏ အတွင်းရေးမှူးများ ညှိနှိုင်းစည်းဝေး

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ရှင်သန်ပွားများစေရေး နည်းပညာပိုင်းနှင့်လက်တွေ့ပိုင်းများ တစိုက်မတ်မတ် ဆောင်ရွက်

နေပြည်တော် မတ် ၅

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များ၏ အတွင်းရေးမှူးများ ညှိနှိုင်းအစည်းအဝေး (၁/၂ဝဝ၉) ကို ယမန်နေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့်လုပ်ငန်းအဖွဲ့များမှ အတွင်းရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက အမှာစကားပြောကြားရာတွင် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့်ပတ်သက်ပြီး ဘိန်းအစားထိုးလုပ်ငန်းများကို ဆောင်ရွက်နေကြသော အစားထိုးသီးနှံများ စိုက်ပျိုးရေးလုပ်ငန်းအဖွဲ့နှင့် အစားထိုးမွေးမြူရေးလုပ်ငန်းအဖွဲ့များသည် ဘိန်းစိုက်တောင်သူများ လုပ်ကိုင်နေသော ကျေးလက်ဒေသများအထိ ကွင်းဆင်းဆောင်ရွက်ရာ၌ နယ်မြေခံ တပ်မတော်၊ ရဲတပ်ဖွဲ့၊ မူးယစ်အထူးအဖွဲ့များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်နှင့် ညှိနှိုင်းဆောင်ရွက်သွားပြီး အခြားလုပ်ငန်းအဖွဲ့များနှင့်အတူ လက်တွဲညီညီ ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ရှင်သန်ပွားများစေရေး

အစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် ပထမငါးနှစ်စီမံကိန်းထက် ဒုတိယငါးနှစ်စီမံကိန်းကာလတွင် နှစ်ချင်းသီးနှံဧက ခုနစ်သိန်းကျော်နှင့် နှစ်ရှည်သီးနှံပင်ဧက ရှစ်သိန်းကျော် တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မွေးမြူရေးလုပ်ငန်းများအနေဖြင့် နွားမျိုးဝက်၊ ဆိတ်၊ ကြက် စသည့် မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးမှုများကို ငွေကျပ်သိန်း ၃၇ဝကျော်၊ ကာကွယ်ကုသမှု ငွေကျပ် ၁၃၅ သိန်းကျော်၊ ငါးမွေးမြူရေးအတွက် ငွေကျပ်သိန်း ၉ဝကျော် ဖြန့်ဖြူးလုပ်ကိုင်လျက်ရှိပြီး အဆိုပါဖြန့်ဖြူးပြီး မွေးမြူရေးလုပ်ငန်းများ ရှင်သန်ပွားများစေရေးအတွက် နည်းပညာပိုင်းနှင့် လက်တွေ့ပိုင်းများကိုပါ တာဝန်ရှိသူများက တစိုက်မတ်မတ် ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း။

အသိပညာပေး

ပြန်လည်ထူထောင်ရေး လုပ်ငန်းများအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး ၄၇၈ဦးမွေးထုတ်ပြီး ပြန်လည်ထူထောင်ရေး စခန်းအသီးသီးမှ သင်တန်းဆင်းပြီးသူများအား စောင့်ရှောက်ခြင်း၊ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်၍ လုပ်ငန်းများအား စဉ်ဆက်မပြတ် လုပ်ဆောင်သွားမှသာ နိုင်ငံတော်က ရည်မှန်းထားသည့် သုံးစွဲမှုပပျောက်ရေးကဏ္ဍကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

တိုးချဲ့ဆောင်ရွက်

တားဆီးနှိမ်နင်းရေးလုပ်ငန်းအဖွဲ့အနေဖြင့် ၂ဝဝ၈ခုနှစ် ဇန်နဝါရီ ၁ရက်မှ ဒီဇင်ဘာ ၃၁ရက်အထိ တစ်နှစ်တာကာလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၄၂၉ မှု ဖမ်းဆီးရမိခဲ့ကြောင်း၊ ကျား တရားခံ ၃ဝ၄၄ဦးနှင့် မ တရားခံ ၇၂၉ဦး စုစုပေါင်းတရားခံ ၃၇၇၃ ဦး တို့အားတရားစွဲတင်ပို့နိုင်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ဒေသနှင့် ဒေသခွဲအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံ သဘောတူညီမှု လက်မှတ်ရေးထိုးပြီး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂ဝဝ၉ ခုနှစ် ဇန်နဝါရီ ၅ ရက်မှစပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းကာ ရှမ်းပြည်နယ် အတွင်း ဘိန်းခင်းတိုင်းတာရေးလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပြည့်မီအောင်

လုပ်ငန်းအဖွဲ့များ၏ အတွင်းရေးမှူးများသည် မိမိတို့လုပ်ငန်းအလိုက် လက်တွေ့တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်နေကြသော အဖွဲ့အစည်းဌာနများ၏ အခက်အခဲများကို အနီးကပ်ဖြေရှင်းနေရသူများဖြစ်သောကြောင့် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်း၏ ဒုတိယ ငါးနှစ်စီမံကိန်း နောက်ဆုံးနှစ်ဖြစ်သည့် ၂ဝဝ၉ခုနှစ် လျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူးများ ညှိနှိုင်းအစည်းအဝေး (၁/၂ဝဝ၉)မှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပညာပေးလှုံ့ဆော်

ယင်းနောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းအဖွဲ့၊ မွေးမြူရေးလုပ်ငန်းအဖွဲ့၊ ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးလုပ်ငန်းအဖွဲ့၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းအဖွဲ့၊ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီနှင့် နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းအဖွဲ့တို့မှ အတွင်းရေးမှူးများနှင့်တာဝန်ရှိသူများက မိမိတို့လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗဟိုအဖွဲ့အတွင်းရေးမှူး ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံတိုင်းရင်းဆေးပညာပေး သင်တန်းဖွင့်

နေပြည်တော် မတ် ၅

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော် လယ်ဝေးမြို့နယ်တိုင်းရင်းဆေးကုဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (နေပြည်တော် လယ်ဝေးမြို့နယ်အသင်းခွဲ)တို့ ပူးပေါင်းစီစဉ်သည့် အခြေခံတိုင်းရင်းဆေးပညာပေး သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က နေပြည်တော်လယ်ဝေး၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး (သုတေသနနှင့် ဖွံ့ဖြိုးရေး)ဦးဝင်းမြင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးကိုတို့က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅ဝ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

၂ဝဝ၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ မူးယစ်ဆေးဝါးအမှုပေါင်း ၂၄၂၉ မှုဖမ်းဆီးရမိခဲ့။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ပူးပေါင်းကာ ရှမ်းပြည်နယ်အတွင်းဘိန်းခင်းတိုင်းတာရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်နိုင်။

● ကျောဖုံးမှ

လက်ဖက်ခြောက်ကို ရေဆူအောင် ကျိုချက်ပြီး လက်ဖက်ခြောက်ခတ်၍ ရေနွေးကြမ်းအဖြစ် သောက်သုံးကြသည်။ လက်ဖက်ရည် အဖန်သောက်လျှင် ကျက်သရေ အမှန်ရောက်မည်ဆိုသည့် မြန်မာ့ဆိုရိုးစကားရှိသည်။ ရေနွေးကြမ်း သောက်လျှင် ကျန်းမာရေးနှင့်ညီကြောင်း သိရသည်။

ထိုသို့ ရိုးရာအစားအသောက်တစ်ခု အဖြစ် နှစ်ခြိုက်စွာ စားသုံးနေသော လက်ဖက်ကို ရှမ်းပြည်နယ်တစ်ဝန်းတွင် ရှေးနှစ်ပေါင်းများစွာကပင် အများအပြား စိုက်ပျိုးခဲ့ကြသည်။ စိုက်ပျိုးဒေသကို အစွဲပြုပြီး ဇရမ်းလက်ဖက်၊ ရွှေဖီလက်ဖက်၊ နမ့်ဆန်လက်ဖက်ဟု ခေါ်ကြသည်။

စမ်းသပ်စိုက်ပျိုး

အများအားဖြင့် လက်ဖက်ကိုဒေသမျိုး များဖြစ်သော အာသန်နှင့်ဒါဂျီလင်မျိုးသာ စိုက်ပျိုးကြသည်။ ဒေသမျိုးများသည် နှစ်ပေါင်းကြာမြင့်စွာက စိုက်ပျိုးလာခြင်း၊ စိုက်ပျိုးစနစ် မမှန်ခြင်းတို့ကြောင့် အထွက်နှုန်း ကျဆင်းလာသည်။ ယခုအခါ အထွက်နှုန်းကောင်းပြီး လက်ဖက်အရည်အသွေး ကောင်းသော ပူးလုံ(အထွက်တိုး)မျိုးကို ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် စမ်းသပ်စိုက်ပျိုးနေပေပြီ။

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့တွင် ပူးလုံ(အထွက်တိုး)လက်ဖက်မျိုးများ စမ်းသပ်စိုက်ပျိုး အောင်မြင်နေကြောင်း သိရသဖြင့် ပူးလုံ(အထွက်တိုး) လက်ဖက်အကြောင်း ပြည်သူများသိရှိနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့ တန့်ယန်းမြို့သို့ မတ် ၁ရက် နံနက်က ခရီးထွက်ခဲ့ကြသည်။

တအံ့တသြတွေ့ရ

တန့်ယန်းမြို့ ခိုယောင်းကျေးရွာအုပ်စုအဝင် တောင်စောင်းများတွင် အတန်းလိုက် စနစ်တကျ စိုက်ပျိုးထားသည့် လက်ဖက်စိုက်ခင်းကြီးများကို တအံ့တသြ တွေ့ရသည်။ မျက်စိပသာဒလှပါဘိ။ မြန်မာ့အလင်းသတင်းအဖွဲ့သည် လက်ဖက်စိုက်ခင်းကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး လက်ဖက်စိုက်ခင်းနှင့်ပတ်သက်၍ သိလိုသည်များ မေးမြန်းနိုင်ရန် တန့်ယန်းမြို့သို့ ဆက်လက် ထွက်ခွာခဲ့သည်။ သတင်းအဖွဲ့ တန့်ယန်းရောက်တော့ မွန်းလွဲ ၁ နာရီ ထိုးလုပြီ။

မေးမြန်းခဲ့

မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူရအား မေးမြန်းကြည့်ရာ ''တန့်ယန်းမြို့နယ်မှာ ဒေသမျိုးလက်ဖက်နှင့် ပူးလုံ(အထွက်တိုး) ဟူ၍ နှစ်မျိုးစိုက်ပျိုးပြီး လက်ဖက်စိုက်ဧက ၂၄၃၅ ဧကရှိပါတယ်''ဟု ရှင်းလင်းပြောပြသည်။ ဆက်လက်၍ လက်ဖက်စိုက်ခင်းနှင့်ပတ်သက်၍ သိလိုသည်များကို တန့်ယန်းမြို့ ပတ္တမြားဥယျာဉ် ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းဝင်းအား မေးမြန်းခဲ့သည်။

အလုပ်အကိုင်အခွင့်အလမ်း

ဦးသန်းဝင်းက ''လက်ဖက်စားသုံးသူများ လက်ဖက်ကောင်းကောင်း စားစေ

''ဒေသခံတွေ အလုပ်အကိုင်ရရှိဖို့နဲ့ ပြည်သူတွေ လက်ဖက်ခြောက်ကောင်းကောင်း သောက်သုံးစေချင်ပါတယ်''
ဦးသန်းဝင်း(မန်နေဂျင်းဒါရိုက်တာ)
ပတ္တမြားဥယျာဉ်ကုမ္ပဏီ

ချင်တဲ့ဆန္ဒရယ်၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ထွန်းလာစေချင်တဲ့ ဆန္ဒရယ်၊ နိုင်ငံခြားတင်ပို့ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ရှာဖွေပေးချင်တဲ့ ဆန္ဒရယ် စတဲ့ရည်ရွယ်ချက်တွေနဲ့ လက်ဖက်စိုက်ခင်းတွေ စိုက်ပျိုးရခြင်းဖြစ်ပါတယ်''ဟု ရှင်းလင်းပြောကြားသည်။

တိုးချဲ့စိုက်ပျိုး

ဆက်လက်၍ ၎င်းတို့ကုမ္ပဏီ အနေဖြင့် တန့်ယန်းမြို့နယ်တွင် ပူးလုံ (အထွက်တိုး) လက်ဖက်များ စမ်းသပ်စိုက်ပျိုးနေကြောင်း၊ ၂၀၀၅ခုနှစ်ကစပြီး မြေပြုပြင်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ ၂၀၀၈ခုနှစ်တွင် ဧက ၅၀၀၊ ၂၀၀၉ခုနှစ်တွင် ဧက ၁၀၀၀ နှင့် ၂၀၁၀ပြည့်နှစ်တွင်ဧက ၂၀၀၀အထိ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဖြန့်ဖြူးရောင်းချ

စိုက်ပျိုးပုံ စိုက်ပျိုးနည်းနှင့်ပတ်သက်၍လည်း ဆက်လက်ပြောကြားရာတွင် ပူးလုံ(အထွက်တိုး) လက်ဖက်မျိုးကို တရုတ်နိုင်ငံမှ မှာယူစိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ပူးလုံ(ရိုးရိုး)နှင့် ပူးလုံ(အထွက်တိုး)ဟူ၍ နှစ်မျိုးရှိကြောင်း၊ ယခုစိုက်ပျိုးထားသည်မှာ ပူးလုံ(အထွက်တိုး) ဖြစ်

''တန့်ယန်းမြို့နယ်မှာ လက်ဖက်စိုက်ဧက ၂၄၃၅ ဧကရှိပါတယ်''
ဦးကျော်သူရ
မြို့နယ်ဥက္ကဋ္ဌ

ကြောင်း၊ ပူးလုံ(အထွက်တိုး)မျိုးကို တစ်ပင်နှင့်တစ်ပင် တစ်ပေခွဲနှင့် တစ်တန်းနှင့်တစ်တန်း ငါးပေစီခြား စိုက်ပျိုးရကြောင်း၊ သဘာဝမြေသြဇာ နွားချေး၊ ကြက်ချေးနှင့် မြေပဲခွံများထည့်ရကြောင်း၊ အပင် စစိုက်သည်မှ သုံးနှစ်သားအရွယ်တွင် စတင်ခူးရကြောင်း၊ တစ်လလျှင် နှစ်ကြိမ်ခူးရကြောင်း၊ မတ်လမှ နိုဝင်ဘာလအထိ ခူးရပြီး နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ နားရကြောင်းနှင့် တစ်ဧက ရွက်စိမ်းပိဿာ ၁၇၀၀ထွက်ကြောင်း ပြောပြသည်။ ဆက်လက်၍လည်း ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ နည်းလမ်းတကျ ကူညီပံ့ပိုးမှုများကြောင့် ပြည်တွင်းမှာပင် မျိုးပွားစိုက်ပျိုးနိုင်သဖြင့် နိုင်ငံခြားငွေကုန်ကျမှု သုံးပုံတစ်ပုံခန့် သက်သာကြောင်း၊ မိမိတို့ စမ်းသပ်စိုက်ပျိုး အောင်မြင်မှုတို့ကို သဘောကျပြီး စိတ်ဝင်စား၍ စိုက်ပျိုးလိုသော အခြားကုမ္ပဏီများကို မျိုးများဖြန့်ဖြူးရောင်းချပေးမည် ဖြစ်ကြောင်း'' ပြောပြသည်။

ထို့နောက် ဝန်ထမ်းများနှင့် ပတ်သက်၍လည်း စိုက်ပျိုးရေးကဏ္ဍတွင် အမြဲတမ်းဝန်ထမ်း ၆၀နှင့် နေ့စားဝန်ထမ်း ၂၀၀ မှ ၂၅၀အထိရှိကြောင်း၊ လောလောဆယ်ဝန်ထမ်း ၃၀၀ကျော်ရှိကြောင်း၊ စီမံကိန်းဧက ၂၀၀၀ ပြည့်လျှင် ဝန်ထမ်းအင်အား ၁၀၀၀ကျော် ရှိမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအများစုမှာ အနီးဝန်းကျင်ရှိ ကျေးရွာများမှဖြစ်ကြောင်း ရှင်းပြသည်။

ထောက်ပံ့

ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် ပတ်သက်၍လည်း ဝန်ထမ်းများကို ဒေသနှုန်းထားအတိုင်း ပေးထားကြောင်း၊ လုပ်ငန်းစွမ်းဆောင်နိုင်မှုနှင့် ရက်ကြီးခါကြီးများတွင် ဆုကြေးအဖြစ် ထောက်ပံ့ငွေများနှင့် အဝတ်အထည်များပေးကြောင်း ရှင်းပြသည်။

တည်ဆောက်ပြီးစီး

လက်ဖက်တွင် လက်ဖက်စိုနှင့် လက်ဖက်ခြောက်ဟူ၍ နှစ်မျိုးရှိရာ တန့်ယန်းမြို့နယ်တွင် လက်ဖက်ခြောက် စက်ရုံတည်ဆောက်ပြီးစီးကြောင်း သိရသည်။

စက်မှုအစားထိုးသီးနှံ

ယခင်ကာလက တန့်ယန်းမြို့နယ်သည် နယ်မြေဒေသငြိမ်းချမ်းမှု မရှိခဲ့ခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။ ယခုအခါ နယ်မြေဒေသ အေးချမ်းတည်ငြိမ်လာပြီဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှု၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၏ ဦးဆောင်မှုဖြင့် ယခင်ဘိန်းစိုက်နယ်မြေတွင် စက်မှုအစားထိုးသီးနှံ ရော်ဘာ၊ လက်ဖက်၊ ကြက်ဆူ၊ မက္ကဒေးမီးယားစသည့် နှစ်ရှည်ပင်များကို ဧကအလိုက် စီမံကိန်းချ စိုက်ပျိုးလျက်ရှိနေရာ ဒေသခံတိုင်းရင်းသားပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများပွင့်လန်းလာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာခဲ့ပြီဖြစ်ပါကြောင်း သတင်းခရီးတစ်ထောက် တင်ဆက်လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

လက်ဖက်စားသုံးသူများ လက်ဖက်ကောင်းကောင်းစားစေချင်တဲ့ ဆန္ဒရယ်၊ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါ်ထွန်းလာစေချင်တဲ့ ဆန္ဒရယ်၊ နိုင်ငံခြားတင်ပို့ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ရှာဖွေပေးချင်တဲ့ ဆန္ဒရယ် စတဲ့ ရည်ရွယ်ချက်တွေနဲ့ လက်ဖက်စိုက်ခင်းတွေ စိုက်ပျိုးရခြင်း ဖြစ်ပါတယ်။

စနစ်တကျ အတန်းလိုက်စိုက်ပျိုးထားသော ဧက ၅၀၀ လက်ဖက်စိုက်ခင်းကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ပတ္တမြားဥယျာဉ်ကုမ္ပဏီ ပူးလုံ(အထွက်တိုး) သုံးနှစ်သား လက်ဖက်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေသည်ကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

6-3 (07).pmd 1 3/6/2009, 1:44 AM

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက အထူးအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသော အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၁)၌ သင်တန်းသူများ စက်ချုပ်သင်တန်း တက်ရောက်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၂၇ရက် ညနေပိုင်းတွင် ဘိုကလေးမြို့ စစ်ကုန်း အခြေခံပညာမူလတန်းကျောင်း၌ အလျားပေ ၇၀၊ အနံပေ ၃၀ ရှိ နှစ်ထပ်သံကူကွန်ကရစ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဖေဖော်ဝါရီ၂၈ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာသို့ ရောက်ရှိပြီး သောက်သုံးရေအတွက် စက်ရေတွင်းမှ ရေများကို သောက်ရေသန့်စက်ဖြင့် ထုတ်လုပ်ဖြန့်ဝေပေးနေမှုနှင့် စာကြည့်တိုက် ဖွင့်လှစ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ တာဝန်ရှိသူများ၏ ကြိမ်ချောင်းကြီး ကျေးရွာအား စံပြကျေးရွာဖြစ်စေရေး စီစဉ်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ တင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားပြီး မူလတန်းကျောင်း၌နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေး ပညာပေးရေး အဖွဲ့များက သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲ ပြုလုပ်နေမှုနှင့် Cyclone Shelter တည်ဆောက်မည့်မြေနေရာ၊ တိုက်နယ်ဆေးရုံ တည်ဆောက်မည့် မြေနေရာ၊ ဈေးဆောက်လုပ်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ဆေးဝါးကုသ

ထိုမှတစ်ဆင့် ဝန်ကြီးသည် စက်ဆန်းကျေးရွာသို့ ရောက်ရှိပြီး Diethelm & Co.,Ltd. က လှူဒါန်းသည့် အလျား ၁၂၈ ပေ၊ အနံ ၁၀၃ ပေရှိ ၁၆ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်နေမှု၊ ယာယီဆေးရုံ ဆောက်လုပ်၍ ဆေးဝါး ကုသပေးနေမှု၊ စက်ရေတွင်းဖြင့် ရေဖြန့်ဝေပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ဆန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ပေချောင်းကြီးကျေးရွာအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကိုလည်းကောင်း၊ ညနေပိုင်းတွင် ဘိုကလေးမြို့၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက အထူးအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသော အခြေခံ အိမ်တွင်းမှု အထူးသင်တန်းအမှတ်စဉ်(၁)၌ သင်တန်းသူ ၆၀ စက်ချုပ်သင်တန်း တက်ရောက်သင်ကြားနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘူမိဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၅

၁၉၈၂-၁၉၈၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)၌ ပထမ နှစ်စတင်တက်ရောက်ခဲ့ကြသောဘူမိဗေဒ အထူးပြု ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၈ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီခွဲမှ ည၇နာရီခွဲ အထိ ဗဟန်းမြို့နယ် ဦးဝိစာရအဝိုင်း အနီး ကန်တော်မင် ပန်းခြံအတွင်းရှိ ကန်တော်မင်စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို မြတ်လှိုင် ဖုန်း-၀၉-၅၀-၀၄၄၆၇၊ သိန်းထွန်း ဖုန်း-၀၉-၅၁-၇၅၉၁၇၊ သန့်ဇင် ဖုန်း-၀၉-၅၀-၀၄၃၉၇၊ ပွင့်သွယ်ဝင်း ဖုန်း-၀၉-၅၀-၅၇၆၀၂၊သိန်းစိုး ဖုန်း-၇၀၇၇၃၆၊ ဝင်းဇော်ရှိန် ဖုန်း-၀၉-၉၉-၇၀၆၇၅၊ ခိုင်စိုး ဖုန်း-၀၉-၅၀-၁၇၆၉၅၊ ဆွေလင်း ဖုန်း- ၅၁၇၀၅၀၀၊ လှမော် ဖုန်း-၀၉-၅၀-၀၈၈၃၀၊ ဝင်းမြင့် ဖုန်း-၀၉-၅၁-၂၈၇၅၅၊ ဆွေသန်းမောင် ဖုန်း-၀၉-၅၁-၂၈၂၉၂၊ ဂါဂါနီသန်းလှိုင် ဖုန်း-၀၉-၉၉-၂၄၄၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တပဏ္ဍိတ ပျံလွန်တော်မူ

ရန်ကုန် မတ် ၅

နိုင်ငံတော်သြဝါဒါစရိယ မွန်ပြည်နယ် ရေးမြို့ သီရိမာလာရပ်ကွက် ဖာလဇေတဝန်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် သက်တော်(၉၀)၊ သိက္ခာတော်(၇၀)ရှိ ဘဒ္ဒန္တပဏ္ဍိတသည် ၁၃၇၀ပြည့်နှစ် တပေါင်းလဆန်း ၉ရက်၊ (မတ် ၄ရက်) ဗုဒ္ဓဟူးနေ့ နံနက်၁၁နာရီ ၁၁မိနစ်တွင် သီတင်းသုံးတော်မူရာ ကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းကျင့်ဝတ်ဆန်းစစ်ခြင်း စာမေးပွဲကျင်းပ

နေပြည်တော် မတ် ၅

ယဉ်ကျေးမှု ဝန်ကြီးဌာနအောက်ရှိ ယဉ်ကျေးမှု ဝန်ကြီးရုံး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊အနုပညာဦးစီးဌာနနှင့် သမိုင်းသုတေသနဦးစီးဌာနတို့မှ ဝန်ထမ်းများအား ဝန်ထမ်းကျင့်ဝတ်နားလည်သိရှိမှု ဆန်းစစ်ခြင်း ပထမအဆင့် စာမေးပွဲကို မတ် ၃ရက် ညနေ၃နာရီခွဲက နေပြည်တော်ရှိ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ ဝန်ထမ်း ၃၄၈ဦး ဝင်ရောက်ဖြေဆိုကြပြီး ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ကြီးကြပ်အားပေးကြသည်။

ပထမအဆင့်

အလားတူ ပထမအဆင့် စာမေးပွဲများကို ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ မြောက်ဦး၊ မြစ်ကြီးနား၊ လှိုင်ကော်၊ ဘားအံ၊ ဟားခါး၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ တကောင်း၊ ရွှေဘို၊ စစ်ကိုင်း၊ အင်းဝ၊ ပဲခူး၊ ပြည်၊ မကွေးမြို့များမှ ရှေးဟောင်း သုတေသနဌာနရုံးခွဲများ၊ ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်၊အမျိုးသားစာကြည့်တိုက်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ထုတ်လုပ်ဌာနခွဲ(ရန်ကုန်) နှင့် မန္တလေးဌာနခွဲ၊ သမိုင်းသုတေသနဦးစီးဌာန ရုံးခွဲများ၌လည်း တစ်ပြိုင်တည်း ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်ကောလိပ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၅

မော်လမြိုင်ကောလိပ်တွင် ဓာတုဗေဒ အဓိကဘာသာရပ်ဖြင့် ၁၉၇၅ ခုနှစ်မှ ၁၉၇၉ခုနှစ်အတွင်း ပညာဆည်းပူးခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ ဘွဲ့ရ အနှစ်(၃၀)ပြည့် ပုလဲရတု အထိမ်းအမှတ်မြတ်ဆရာပူဇော်ပွဲနှင့် ဒုတိယအကြိမ်မိတ်ဆုံပွဲကို မတ်၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရှစ်မိုင်လမ်းဆုံ ပြည်လမ်းရှိ ရွှေဘဲစားတော်ဆက်၌ကျင်းပမည်ဖြစ်ရာမပျက်မကွက်တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ရန်ကုန်မှ ကိုမျိုးအောင် ဖုန်း-၀၉-၈၆၁၂၃၂၄၊ ကိုတိတ်စွမ် ဖုန်း-၀၉-၅၁၀၆၄၅၄၊ ကိုစိုးအောင် ဖုန်း-၀၉-၅၁၃၉၉၄၄၊ ကိုယုစိန် ဖုန်း-၀၁-၅၀၉၇၇၇ (လိုင်းခွဲ-၃၆၇)၊ မထားထား ဖုန်း-၀၉-၅၁၆၂၂၉၇၊ ကိုစည်သူ၊ မော်လမြိုင်မှ ကိုငွေသိန်း ဖုန်း-၀၅၇-၂၃၁၉၀၊ ကိုချိုင်းစီ ဖုန်း-၀၅၇-၂၅၅၅၂၊ မနီနီသန်း ဖုန်း-၀၅၇-၂၂၃၁၆၊ မခင်မြင့်မြင့် ဖုန်း-၀၅၇-၂၂၄၆၅၊ ကိုဝင်းခင် ဖုန်း-၀၅၇-၈၀၀၄၇၊ ပဲခူး/သနပ်ပင်မှ မောင်မောင်ရွှေတွတ်(ပန်းချီ) ဖုန်း-၀၉-၅၃၀၁၃၃၄၊ ကိုတီတီ ဖုန်း-၀၅၂-၄၆၃၆၇၊ ညောင်လေးပင်မှ ကိုလှမြင့် ဖုန်း - တစ်ဆင့် ၀၅၂-၅၀၂၇၅၊ ကျောက်တံခါးမှ ကိုသိန်းလွင် ဖုန်း-၀၅၄-၆၀၂၅၀၊ ဖြူးမှ ကိုညွန့်ဝေ ဖုန်း-၀၅၄-၄၀၁၂၄၊ တောင်ငူမှ ကိုညီညီအောင် ဖုန်း-၀၅၄-၂၅၁၈၉၊ မန္တလေးမှ ကိုဝင်းမြင့် ဖုန်း-၀၂-၃၅၄၄၀၊ ထားဝယ်မှ ကိုကျော်ထွန်း၊ ကိုယုနိုင်၊ မြိတ်/ပုလောမှ ကိုတင်ဝင်း ဖုန်း-၀၅၉-၄၂၃၂၅၊ ကိုကျော်ဝင်း ဖုန်း-၀၅၉-၃၀၁၇၀၊ မကြူကြူဝေ ဖုန်း-၀၉၈-၇၆၁၀၈၅၊သထုံမှ ကိုဖုန်းမြင့်မောင် ဖုန်း-၀၉-၈၇၂၀၆၉၂တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

The Live News ဂျာနယ် အမှတ်(၁၂၂)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၅

ယခု အပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၂၂)တွင် မြင်းမူမောင်နိုင်မိုး၏ ဉစ္စာဆိုသည်မှာ၊ တင့်တယ်ခြင်း၊ နီမင်းဆွေ၏ ချစ်ဆိပ်ရည်(၁၄)၊ ကိုကိုလှိုင်၏ ဘင်္ဂလားဒေ့ရှ်နယ်စပ်ကို ခြစည်းရိုးခတ်နေရသည့် အိန္ဒိယ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက 'မရှိမဖြစ်' ရေသမိုင်းကြောင်း(၅) သမိုင်းမှတ်တမ်းသစ်တင်ရမယ့် ဖူးကြီးနဲ့ ငမိုးရိပ်ရေလှောင်ကန်များ၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည်ဂျပန်ပြည် အပိုင်း(၁၆)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ(၂၅)၊ အာရှမိုး၏ ဥရောပငွေကြေးစနစ် ပြုပြင်ပြောင်းလဲရေးနှင့် ဗြိတိန်- ပြင်သစ်-ဂျာမနီ၊ မိုး(ပျဉ်းမနား)၏ စကားလက်ဆောင်၊ ဆိုမာလီပင်လယ်ဓားပြများအား ပိုင်းဝန်းနှိမ်နင်းတိုက်ခိုက်ရန် စင်ကာပူက စစ်သင်္ဘောစေလွှတ်၊ ကျန်းမာရေးအတွက် ဆေးကလေးအနည်းငယ်မှီဝဲလာပြီး အစည်းအဝေးတက်လာတဲ့ ဂျပန်ဘဏ္ဍာရေးဝန်ကြီး၊ ၂၀၁၀ပြည့်နှစ်တွင် အစိုးရ ဘတ်ဂျက်အား ဒေါ်လာဘီလီယံ ၃၆၀၀ ကျော်သုံးစွဲရန် သမ္မတအိုဘားမား အဆိုပြု၊ တရုတ်နှင့် ဆွစ်ဇာလန်ကုမ္ပဏီများ စီးပွားရေးစာချုပ်များ ချုပ်ဆို၊ ယာဟူးအင်တာနက်ကုမ္ပဏီကြီး ပြန်လည်ထင်ရှားလာပါ့မလား၊ ဟောလီးဝုဒ်မင်းသားကြီး ဂျော့ကလုန်းနေနဲ့ ဖာတီမာဘူတိုတို့ဇာတ်လမ်း၊ သူ့ဘဝမှာ အလှူဒါနက အရေးကြီးဆုံးဖြစ်ပါတယ်ဆိုတဲ့ နန်းဆုရတီစိုး၊ ထင်ပေါ်ကျော်ကြား ကိုရီးယား အနုပညာရှင်များ၊ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ် ၅၈၅၀၊ ခြောက်လ ၂၆စောင် ကျပ် ၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် Market Care (Distribution Service) အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇ တို့တွင် မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အင်းစိန်မီးရထားစက်ခေါင်းစက်ရုံအတွင်း တာယာ ၃၃လုံး ပျောက်ဆုံးမှု ဖော်ထုတ်အရေးယူ

ရန်ကုန် မတ် ၅

မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ (အင်းစိန်) ပြင်ပဂိုဒေါင်အတွင်းရှိ ဂိုဒေါင်အမှတ် G-8 ကို ဇန်နဝါရီ ၂၉ရက်တွင် တာဝန်ရှိသူများက ဝင်ရောက် စစ်ဆေးခဲ့ရာ မော်တော်ကား တာယာ မျိုးစုံ၃၃လုံး တန်ဖိုးငွေကျပ် ၂၁၃၇၉၈၀ ကာလတန်ဖိုး ကျပ်သိန်း ၄၀ခန့် လျော့နည်း ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အင်းစိန်ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားရာ အင်းစိန်ရဲစခန်းမှ(ပ)၂၃၂/၀၉ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ ပုဒ်မ-၆(၁)အရ အမှုဖွင့်ခဲ့သည်။

ဖမ်းဆီး

အမှုမှတရားခံကိုအမြန်ဆုံးဖမ်းဆီးနိုင်ရေးနှင့် သက်သေခံ ပစ္စည်းများ သိမ်းဆည်းနိုင်ရေးအတွက် မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးဦးစီးတို့၏ အနီးကပ် ကြီးကြပ်မှုဖြင့် ခရိုင်အထူးမှုခင်း နှိမ်နင်းရေးဌာနစုမှ ရဲအုပ်ဗျက်ဆန်း၊ ဒုရဲအုပ်မျိုးမြင့်၊ ရဲတပ်ကြပ်ကြီးဝင်းအောင်၊ ရဲတပ်ကြပ်ကျော်သင်းတို့အား တာဝန်ပေးဖော်ထုတ်စေခိုင်းခဲ့ရာ ခရိုင်အထူးအဖွဲ့မှ ရဲအုပ်ဗျက်ဆန်း ခေါင်းဆောင်သောအဖွဲ့သည် အခင်းဖြစ်နေရာကို စစ်ဆေးခြင်း၊ မှတ်တမ်းများ ရယူခြင်းများပြုလုပ်ခြင်း အမာခံသတင်းပေးများ စုဆောင်း၍ မသင်္ကာသူတရားခံ ဦးမြင့်သိန်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၂၀) ရပ်ကွက် ညောင်ရမ်းလမ်း အမှတ်မရှိတွင် နေထိုင်သူအား သွားရောက်ဖမ်းဆီး စစ်ဆေးခဲ့ရာ ဦးမြင့်သိန်းက ၄င်းတာယာ ၃၃လုံးကို မီးရထားလုံခြုံရေးဝန်ထမ်း ဦးကျော်ညွန့်၊ ဝင်းဇော်ဦး၊ တင်ထွန်းဇော်(ထွက်ပြေး)တို့က ခိုးယူရောင်းချခိုင်းသဖြင့် ရောင်းချပေးခဲ့ကြောင်းထွက်ဆိုသဖြင့်ဂိုဒေါင်အတွင်းမှ ခိုးယူခဲ့သူ ဦးကျော်ညွန့်၊ ဝင်းဇော်ဦးတို့အား စစ်ဆေးခဲ့ရာ ၄င်းတို့ ရောင်းချခဲ့သော တာယာဆိုင်များမှ သက်သေခံပစ္စည်းမူလအတိုင်းပြန်လည်သိမ်းဆည်းရမိခဲ့သည်။ ယင်းတို့အား ဥပဒေနှင့်အညီ အရေးယူပေးနိုင်ရေးအတွက် သက်သေခံပစ္စည်းများ သိမ်းဆည်းပြီး သက်သေခံပစ္စည်းများနှင့်အတူ သက်ဆိုင်ရာ ရဲစခန်းသို့ လွှဲပြောင်းပေးခဲ့သည်။ (၁၁၃)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၅

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ် စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှ အပူချိန်တို့အောက် ၈ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှ အပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ မင်းဘူးမြို့နှင့် သာယာဝတီမြို့တို့တွင် ၃၉ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၁ဒသမ၆၆လက်မ ဖြစ်သည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

၂၀၀၉ ခုနှစ် မတ် ၆ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်း ဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် အများအားဖြင့် သာယာမည်။

ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချ

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ်ကျင်းပသော ပွဲတော်ကွင်း၌ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချစဉ်။
(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများကျင်းပမည့်

အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများဖြင့် ဆက်လက်ပြသဖျော်ဖြေ ဒေသခံပြည်သူ ၂၃၀၀၀ကျော် ပျော်ရွှင်စွာလာရောက်ကြည့်ရှု

နေပြည်တော် မတ် ၅

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော် တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့်အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို ပဉ္စမနေ့ဖြစ်သော ယမန်နေ့ ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော် တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ **မိုးမင်း** မဟာရန်ကုန်စံပြသဘင်က မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမသဘင်ပညာဖြင့် တင်ဆက်ကပြဖျော်ဖြေပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်ကလည်း **ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိက္ခာ** နှင့် **အပြောင်းအလဲ** ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ပြသဖျော်ဖြေရာ ဒေသခံပြည်သူ ၂၃၀၀၀ကျော် ပျော်ရွှင်စွာ လာရောက်ကြည့်ရှုကြသည်။

ပြသဖျော်ဖြေ

ဆဋ္ဌမနေ့အဖြစ် ယနေ့ညပိုင်းတွင် ကြည့်ချင်ပွဲများအဖြစ် **မိုးမင်း** မဟာရန်ကုန် စံပြသဘင်နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က **တောင်သမန်သစ္စာ** နှင့် **အမေနှင့်သမီးများ** ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ပြသဖျော်ဖြေကြပြီး သတ္တမနေ့အဖြစ် မတ် ၆ရက် ညပိုင်းတွင် ကြည့်ချင်ပွဲများအဖြစ် မန္တလေးမြို့ **သစ်လွင်**အငြိမ့်အဖွဲ့နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က **ပန်းပျိုးသူတို့အလင်္ကာ** နှင့် **မိုးကုပ်စက်ဝိုင်းကိုကျော်လွန်၍** ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ပြသဖျော်ဖြေမည်ဖြစ်သည်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာ မင်္ဂလာ အခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ဒေသခံပြည်သူများ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲကြစဉ်။
(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာ မင်္ဂလာ အခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ မိုးမင်း မဟာရန်ကုန်စံပြသဘင်က ဖျော်ဖြေတင်ဆက်ရာ ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြစဉ်။
(သတင်းစဉ်)

6-3 (09).pmd 1 3/6/2009, 1:44 AM

ကျန်းမာရေးဝန်ကြီးဌာနသို့ ဆေးဝါးများ လွှဲပြောင်းပေးအပ်

ရန်ကုန် မတ် ၅

ကျန်းမာရေးဝန်ကြီးဌာနသို့ မြန်မာနိုင်ငံ စားဖိုမှူးများအသင်းနှင့် Win of Help (LOG) တို့က လှူဒါန်းသော ဆေးဝါးများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် နံနက်၁၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ အဆောက်အအုံ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ စားဖိုမှူးများအသင်းဥက္ကဋ္ဌ ဦးအိုလီဗာစိုးသက်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အမေရိကန်ဒေါ်လာ ၂၁၃၁၅၂၅၇သန်း တန်ဖိုးရှိ ဆေးဝါးများကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ လွှဲပြောင်းပေးအပ်သည်။ **(အောက်ပုံ)**

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E.Mr.Julius Georg Luy ၊ မြန်မာနိုင်ငံ စားဖိုမှူးများအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်တို့ စစ်တွေမြို့ သောက်သုံးရေဖြန့်ဝေပေးနေသည့် ကန်တော်ကြီး ရေပေးဝေရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

✻ *ကျောဖုံးမှ*

အရှိန်အဟုန်မြှင့်

ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်က စစ်တွေမြို့ ရေပေးဝေရေးကို ပိုမိုဖြန့်ဝေပေးနိုင်ရေးအတွက် ကန်တော်ကြီး ရေကန်တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ၂၅ဧကရှိ သောက်ရေကန်အသစ် ထပ်မံတိုးချဲ့ ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊ မြို့တွင်း ရေပိုက်လိုင်းများကို ပြန်လည်စစ်ဆေးပြီး လိုအပ်သည့်နေရာများတွင် ကြားခံ ရေတွန်းစက်များကို ထပ်မံတပ်ဆင် ဆောင်ရွက်ကြရန်၊ လုပ်ငန်းများကို မိုးမကျမီ ပြီးစီးစေရေး အမြန်ဆုံးဆောင်ရွက်ကြရန်၊ ရေသိုလှောင်ကန်အသစ် ထပ်မံတည်ဆောက်ရေးကို စီမံဆောင်ရွက်ကြရန်နှင့် လက်ရှိ ကန်တော်ကြီးရေကန်ကို ရေဖြည့်တင်းပေးနိုင်မည့် အစီအစဉ်ကိုလည်း ကွင်းဆင်းတိုင်းတာဆောင်ရွက်ကြရန် မှာကြားသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ကန်တော်ကြီးရေကန် တာပေါင်မြှင့်တင်ခြင်းနှင့် ကန်အသစ် တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကြပြီး စစ်တွေမြို့ မြို့တော်ခန်းမ၌ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

တွေ့ဆုံ

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်သည် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာများကို တွေ့ဆုံသည်။

ပေးအပ်

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်သည် မတ် ၃ရက် နံနက် ၈နာရီတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ သင်တန်းကျောင်း၌ ကျောင်းသားများ ကြိုဆိုနှုတ်ဆက်ခြင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်သီချင်း သီဆိုလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျောင်းအိပ်ဆောင်များ၊ ဂီတခန်းမ၊ ဘုရားရှိခိုးဆောင်၊ ဝန်ထမ်းအိမ်ရာနှင့် သီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းခန်းမဆောင်၌ ကျောင်းသားများနှင့် ဝန်ထမ်းများကို တွေ့ဆုံကာ ကျောင်းသားများနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ကြည့်ရှု

ယင်းနောက် သင်တန်းကျောင်းအတွင်း ဖွင့်လှစ်ထားရှိသော စက်မှုအသက်မွေးပညာသင်ကျောင်း (စစ်တွေ)ကို ကြည့်ရှုစစ်ဆေးပြီး ရခိုင်ပြည်နယ် နယ်စပ်ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(စစ်တွေ)၌ ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံတက္ကသိုလ် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၅

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၁၀ရက် (တပေါင်းလပြည့်နေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ ရန်ကင်းစင်တာနှင့် ဗဟိုဘဏ်ကြားရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပူဇော်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသူများ၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်း ပါဝင်လှူဒါန်းလိုသူများသည် မမေမြတ်သောင်း ဖုန်း-၅၇၀၃၇၂၊ ကိုမျိုးမင်းဦး ဖုန်း-၀၉-၅၀-၈၂၄၈၅၊ ၇၀၃၃၇၅၊ မခင်လတ်လတ်ထွန်း ဖုန်း-၀၉-၅၀-၆၉၇၃၁၊ မကြည်ကြည်သန့် ဖုန်း-၀၉-၅၁-၈၁၅၂၀၊ မထားအိဝင်း ဖုန်း-၀၉-၅၁-၀၂၆၆၈၊ မခင်ကျော့ကေခိုင် ဖုန်း-၀၉-၅၁-၁၉၉၁၇၊ မမျိုးမြတ်မွန် ဖုန်း-၃၈၁၇၃၃၊ မပန်းဖြူမွေး ဖုန်း-၀၉-၉၉-၇၃၄၈၀၊ ကိုဇော်မင်းလွင် ဖုန်း-၀၉-၅၁-၉၆၉၇၂၊ မသူဇာဝင်း ဖုန်း-၂၄၃၂၆၇ နှင့် ၅၄၀၃၂၆ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာပုံရိပ်များ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၅

စာရေးဆရာကိုကိုလှိုင်၏ နိုင်ငံတကာပုံရိပ်များစာအုပ်ကို ရွှေပြည်စိုးစာပေတိုက်မှ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါစာအုပ်တွင် ရှေ့နေသားအဖ၊ သမ္မတသားအဖ၊ တပည့်နောက်က မထမ်းချင်တော့သည့် အီရတ်၊ အီရန်ပြဿနာနှင့် နိုင်ငံတကာဆက်ဆံရေးအမြင်၊ အလွယ်ခေတ်မှာ လွယ်လွယ်နှင့် မဖြစ်နိုင်သောအရာ၊ လူဘေးကြောင့် ပူနွေးလာမည့်ကမ္ဘာ၊ ရုရှားနှင့် အမေရိကန်အကြား စစ်အေးတိုက်ပွဲ တစ်ခေတ်ဆန်းလာဦးမည်လော စသည့် ဆောင်းပါးများအပါအဝင် နိုင်ငံတကာသတင်းဆောင်းပါး ၁၈ပုဒ်ပါဝင်ပြီး ရောင်းဈေးမှာ တစ်အုပ် ကျပ် ၁၅၀၀ဖြစ်ကာ ရွှေပြည်စိုးစာပေတိုက် အမှတ်၃၁၀ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် အမှတ်၅၂၉-၅၃၁ ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂ နှင့် ၇၂၅၅၃၀တို့မှ ဖြန့်ချိလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

နည်းပညာတက္ကသိုလ်(မန္တလေး) ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် မတ် ၅

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(မန္တလေး)မိသားစု၏ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို မတ်၄ ရက် နံနက် ၉နာရီတွင် နည်းပညာတက္ကသိုလ်(မန္တလေး) သုံးထပ်ဆောင် ပင်မခန်းမ၌ ကျင်းပသည်။

တက်ရောက်

ယင်းစုပေါင်းသွေးလှူဒါန်းပွဲသို့ နည်းပညာတက္ကသိုလ်(မန္တလေး) ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာဇာနည်အောင်၊ ဒုတိယကျောင်းအုပ်ကြီး ဒေါက်တာအောင်ကျော်ညိမ်းနှင့် ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် သွေးလှူရှင် ကျောင်းသား ကျောင်းသူများ၊ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း ဦးဆောင်မှုဖြင့် သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာခင်စိန်ဝင်း၊ လက်ထောက်ရောဂါဗေဒဆရာဝန် ဒေါက်တာနေဇာနုနုမွေး၊ ဒေါက်တာဇင်မာဆန်းနှင့် သူနာပြုဆရာမများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ နည်းပညာတက္ကသိုလ်(မန္တလေး) ခေတ္တကျောင်းအုပ်ကြီးက အမှာစကားပြောကြားပြီး သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီးက သွေးအကြောင်းသိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် စုပေါင်းသွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးကြပြီး သွေးလှူရှင်များ၏ သွေးအိတ် ၂၅၀ကို ခေတ္တကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ **(အပေါ်ပုံ)** သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သွေးလှူရှင်အထိမ်းအမှတ်လက်ဆောင်များ ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

နေရာမရွေး

မှိုအတွင်း ဒီဇယ်ဓာတ်ပေါင်းများ ပေါင်းစပ်ပါဝင်နေခြင်းကို ယခုတွေ့ရှိခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ နေရာမရွေး ပေါက်တတ်သော မှိုများ၌လည်း ဒီဇယ်ဓာတ်ပေါင်းများကို တွေ့ရှိရသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

တောင်အမေရိကနိုင်ငံ ပါတာဂိုနီးရားမြို့အနီး မိုးသစ်တောများအတွင်းရှိ သစ်ပင်များပေါ်၌ မှိုများကို ပေါများစွာ တွေ့ရှိရသည်ဟု အမေရိကန်သုတေသနပညာရှင် ပါမောက္ခ ဂါရီစထရိဘယ်က ပြောကြားသည်။

ဇီဝလောင်စာ

အဆိုပါ မှိုများကို သေသေချာချာ ဓာတ်ခွဲကြည့်သည့်အခါ ဒီဇယ်ဓာတ်ပေါင်းများ ပေါများစွာ ပါဝင်နေကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။ မှိုများအတွင်း ပါဝင်သော ဒီဇယ်ဓာတ်ပေါင်းပစ္စည်းများမှာလည်း ဇီဝလောင်စာဆီ ထုတ်ယူနိုင်သော ဓာတ်ပေါင်းများစွာ ပါဝင်နေကြောင်း တွေ့ရှိရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုအခါ မှိုများတွင် ပါဝင်သော ဒီဇယ်ဓာတ်ပေါင်းများကို ထုတ်ယူရန် သုတေသနပညာရှင်များက စီစဉ်နေပြီဖြစ်သည်။ မှိုတွင်ပါဝင်သော ဇီဝဒီဇယ်မှာ အမျိုးအစားကောင်းသော ဒီဇယ်ကို ထုတ်ယူရရှိနိုင်သည့် အနေအထားရှိကြောင်း သိရသည်။

ဒီဇယ်အမျိုးအစား

ယခင်က ကြံနှင့် ပြောင်းဖူးတို့အပြင် အခြားသီးနှံအချို့မှ ဇီဝလောင်စာဆီ ထုတ်ယူခဲ့ကြရာ ယခု မှိုမှထုတ်ယူရရှိနိုင်မည့် ဇီဝဒီဇယ်မှာ အရည်အသွေးကောင်းမွန်သော ဇီဝဒီဇယ်အမျိုးအစားဖြစ်ပြီး မူလဒီဇယ်ဆီနှင့် ရောနှောအသုံးပြု၍ ရကြောင်း သိရသည်။ *(အင်တာနက်)*

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဦးတင်မြင့်အောင်

"ယုံကြည်လို့ ပေးအပ်လိုက်တဲ့ တာဝန်ကို အကောင်းဆုံးဖြစ်အောင် တတ်ထားတဲ့ ဘောလုံးပညာနဲ့ ကြိုးစားဆောင်ရွက်သွားမှာပါ"

ဦးတင်မြင့်အောင်
နည်းပြချုပ်
မြန်မာ့ဘောလုံး
အမျိုးသားလက်ရွေးစင်အသင်း

■ *ကျော်ဖုံးမှ*

တာဝန်ယူမှုနှင့် ပတ်သက်ပြီး မေးမြန်းခဲ့ရာ "နည်းပြချုပ်တာဝန်ကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလ ဒုတိယသီတင်းပတ်လောက်ကနေပြီး စတင်တာဝန်ယူခဲ့တာပါ။ ကျွန်တော်နဲ့အတူ လက်ထောက်နည်းပြနှစ်ဦးလည်း ခန့်ထားပါတယ်။ သူတို့နှစ်ဦးကတော့ ဦးဇော်ဝင်းထွန်း(မြို့တော်စည်ပင်)နဲ့ ဦးအောင်ကျော်ကျော်(ဂိုး-နည်းပြ)တွေပဲ ဖြစ်ပါတယ်။ အသင်းအုပ်ချုပ်သူအဖြစ် ဦးတင်ဟန်က တာဝန်ယူဆောင်ရွက်နေပါတယ်"ဟု မြန်မာ့အလင်းသို့ ဦးစွာရှင်းပြသည်။

ယခင်က မြန်မာ့ဘောလုံးအမျိုးသားလက်ရွေးစင် နည်းပြချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ဘရာဇီးနိုင်ငံသား မစ္စတာဖလော်ပါမှာ စာချုပ်သက်တမ်းပြည့်သဖြင့် မိခင်နိုင်ငံသို့ ပြန်သွားခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ဦးတင်မြင့်အောင်ကို နည်းပြချုပ်အဖြစ် တာဝန်ပေးကာ ဆောင်ရွက်စေခဲ့ခြင်းဖြစ်သည်။

ရွေးထုတ်မည်

"ဘောလုံးသမား ရွေးချယ်မှုအပိုင်းမှာ ကျွန်တော့်စိတ်တိုင်းကျ လုပ်ပိုင်ခွင့် ရှိပါတယ်။ အခုဆိုရင် လူရွေးပွဲတွေ ပြုလုပ်နေပြီး ပြိုင်ပွဲအတော်များများကိုလည်း ကျွန်တော်သေသေချာချာလိုက်ကြည့်နေပါတယ်။ ဘောလုံးသမား ၄၈ ဦးလောက်ရွေးပြီး ခြေစမ်းပွဲတွေ ကစားစေကာ အဲဒီအထဲက ၂၅ ဦး ဒါမှမဟုတ် ၃၀ လောက်ရွေးထုတ်သွားမယ်၊ လာမယ့် မတ်စရက်ကစပြီး အဲဒီဘောလုံးသမားတွေကို စခန်းသွင်းသွားမယ်။ အဓိက ရည်ရွယ်ချက်ကတော့ လာအိုနိုင်ငံမှာ ၂၀၀၉ခုနှစ် ဒီဇင်ဘာမှာ ကျင်းပမယ့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ပါ"ဟု ဦးတင်မြင့်အောင်က ဆက်လက်ရှင်းပြသည်။

၂၃နှစ်အောက်

ယခုရွေးချယ်နေသည့် ဘောလုံးသမားများမှာ အသက် ၂၃ နှစ်အောက်ကို အခြေခံကာ ရွေးချယ်နေခြင်းဖြစ်သည်။ ဘောလုံးသမားရွေးချယ်မှုအပိုင်းတွင်လည်း ဘောလုံးပညာ၊ နည်းစနစ်၊ ကြံ့ခိုင်မှုစသည့် ဘောလုံးသမားကောင်းတစ်ဦး၌ ရှိသင့်ရှိထိုက်သည့် အရည်အချင်းများရှိမှသာ ရွေးချယ်သွားမည်ဖြစ်သည်။

"လာအိုမှာကျင်းပမယ့် ဆီးဂိမ်းပွဲ မတိုင်မီမှာ လာမယ့် ဧပြီ ၂၄ရက်မှ ၂၈ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာကျင်းပမယ့် AFC Challenge Cup 2009 ပြိုင်ပွဲလည်း ဝင်ရောက်ဆင်နွှဲဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရွေးချယ်ထားတဲ့ ဘောလုံးသမားတွေကို ခြေစမ်းပွဲတွေကစားစေပြီး ဧပြီ ဒုတိယပတ်လောက်မှာ နောက်ဆုံးဆန်ခါတင် လူရွေးသွားမှာဖြစ်ပါတယ်။ ဒီလိုရွေးချယ်တဲ့အခါ လက်ရှိမြန်မာ့လက်ရွေးစင်ဘောလုံးသမားတွေထဲက ခြေစွမ်းပြနိုင်ရင် အရွေးခံရမှာဖြစ်ပြီး ခြေစွမ်းမပြနိုင်ရင်တော့ ရွေးချယ်မှာ မဟုတ်ပါဘူး" လို့လည်း ပြောကြားသည်။

ကိုင်တွယ်ပုံ

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနည်းပြများတွင် နိုင်ငံခြားသားနည်းပြများ ကိုင်တွယ်မှုနှင့် မြန်မာလူမျိုးနည်းပြများ ကိုင်တွယ်မှုနှင့်ပတ်သက်ပြီး ကွာခြားချက်များနှင့် ပတ်သက်၍လည်း "နိုင်ငံခြားသားနည်းပြတွေက သူတို့လိုချင်တဲ့ပုံစံ၊ သူတို့ဖြစ်ချင်တဲ့ နည်းစနစ်အတိုင်း ဘောလုံးသမားတွေကို ကိုင်တွယ်ကြတာပါ။ အဲဒီလိုလေ့ကျင့်တဲ့အခါ ဘာသာစကားက အခက်အခဲတစ်ခုလိုဖြစ်နေတတ်ပါတယ်။ နည်းပြရဲ့ဆန္ဒကို ဘောလုံးသမားတွေက အပြည့်အဝမသိရှိရတော့ နားလည်မှုလွဲတတ်ကြတာပေါ့။ ချယ်လ်ဆီးအသင်းမှ စကိုလာရီလည်း အဲဒီလို အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါဟာသတိပြုစရာတစ်ချက်ပါပဲ"ဟု ဦးတင်မြင့်အောင်က ဆက်လက်ရှင်းပြသည်။

နိုင်ငံခြားသားနည်းပြများ လာရောက်နည်းပြမှုတွင် တချို့အချက်အလက်များမှာ ဘောလုံးအသင်း တိုးတက်မှုအတွက် အကျိုးပြုပြီး တချို့အချက်အလက်များမှာ အနည်းငယ်အားနည်းမှုများ ရှိတတ်သည်ကို တွေ့ရသည်။

"နိုင်ငံခြားသားနည်းပြတွေအနေနဲ့ သူတို့ဖြတ်သန်းခဲ့ရတဲ့ အသင်းတွေကို ကိုင်တွယ်ခဲ့တဲ့ နည်းစနစ်တွေအတိုင်း ပုံစံချပြီး ကစားစေတာတွေ့ရတယ်။ မိခင်နိုင်ငံ ဘောလုံးသမားတွေရဲ့ အမူအကျင့်၊ စိတ်နေစိတ်ထားကို ထဲထဲဝင်ဝင်တော့ မသိကြဘူးပေါ့။ ဘောလုံးကစားတဲ့နည်းစနစ်တွေဟာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ တူညီကြသလိုရှိပေမယ့် တစ်နိုင်ငံချင်းရဲ့ ဘောလုံးသမားတွေရဲ့ အနေအထားနဲ့ ဖြတ်သန်းမှုတွေက မတူညီကြပါဘူး။ ဘောလုံးသမားတွေကို ကိုယ်လိုချင်တဲ့ပုံစံအတိုင်းဖြစ်အောင် ကစားစေလိုတဲ့အခါ မိခင်နိုင်ငံသား နည်းပြတွေက အားသာချက်ပိုရှိနိုင်ပါတယ်" ဟု မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

အပြန်အလှန်

နည်းပြနှင့် ဘောလုံးသမားများအကြား နားလည်သဘောပေါက်ကာ အပြန်အလှန် လေးစားမှုရှိခြင်းသည် ဘောလုံးပြိုင်ပွဲများ၌ နိုင်ပွဲရစေသည့် တွန်းအားတစ်ရပ်လည်း ဖြစ်သည်။ နည်းပြနှင့် ပတ်သက်၍ သင်ကြားလေ့လာခဲ့ရသည့် ဆရာများကိုပြောပြရာတွင် "ကျွန်တော့်ရဲ့ ဆရာတွေက ဦးစိန်လှိုင်၊ ဦးမြင့်ကြူး၊ ဦးရဲညွန့်၊ ဦးခင်မောင်ဝင်းတို့ဖြစ်ပြီး သူတို့လက်အောက်မှာ လေ့လာဆည်းပူးခဲ့ရတာပါ။ဒါ့အပြင် ဆရာငြိမ်းနဲ့ ဦးမြင့်ထူးတို့ကလည်း ကျွန်တော့်ဆရာတွေပါ။ အဓိက သင်ယူခဲ့ရတာကတော့ ကျွန်တော့်အစ်ကိုအရင်းဖြစ်တဲ့ မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း ဦးစိုးမင်း ဖြစ်ပါတယ်။ သူတို့ဟာ ဘောလုံးအသင်းကောင်း တစ်သင်းဖြစ်အောင် အရည်အချင်းရှိရှိနဲ့ ကြိုးစားစွမ်းဆောင်နိုင် ကြသူတွေပါပဲ"ဟု ဦးတင်မြင့်အောင်က ဆက်လက်ရှင်းပြသည်။

နိုင်ငံခြားသားနည်းပြများအနေဖြင့် နည်းစနစ်ပိုင်းနှင့် အတွေ့အကြုံပိုင်းများတွင် ပြည်တွင်းနည်းပြများထက် သာနိုင်ကောင်း သာလွန်နိုင်မည်ဖြစ်သော်လည်း ဘောလုံးသမားတစ်ဦးချင်းအနေအထားနှင့် သူတို့၏ဘဝကို မြန်မာနည်းပြလောက် သိရှိနိုင်မည် မဟုတ်ပါချေ။

"ကျွန်တော့်အတွေ့အကြုံအရ အကြိုက်ဆုံးကတော့ မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းကို ကိုင်တွယ်ခဲ့တဲ့ ဟော်လန်နည်းပြ မစ္စတာဂါးဘလောက် ဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ရွေးစင်ကစားသမားဘဝမှာ သူကိုင်တွယ် ခဲ့တာပါ။ နည်းစနစ်ပိုင်း၊ စည်းကမ်းပိုင်းနဲ့ နည်းဗျူဟာပိုင်းတွေမှာ တကယ်တော်တဲ့ နည်းပြပါပဲ"ဟု ၎င်းက ဆက်လက်ပြောပြသည်။

မြန်မာ့ဘောလုံးလောက၌ မြန်မာလိဂ် ပြောင်းလဲမှုအပေါ် ဦးတင်မြင့်အောင်က ကြိုဆိုလိုက်ပြီး **"မြန်မာ့လက်ရွေးစင်အသင်းအတွက် အင်အားတစ်ရပ်ပါ။ မြန်မာ့ဘောလုံးကို နိုင်ငံတကာနဲ့အညီ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်မို့ ဝမ်းသာဂုဏ်ယူစရာပါပဲ။ ကျွန်တော့်အနေနဲ့ အခုလိုကြီးမားတဲ့ တာဝန်တစ်ရပ်ကို ဆောင်ရွက်ရတာ ဝမ်းလည်းသာတယ်၊ ဂုဏ်လဲယူပါတယ်။ ကျွန်တော်တတ်ထားတဲ့ ဘောလုံးပညာနဲ့ ပြန်ပြီး နိုင်ငံကို အလုပ်အကျွေးပြုရတယ်လို့ပဲ ခံယူထားပါတယ်။ ကျွန်တော့်ကို ယုံကြည်လို့ ပေးအပ်လိုက်တဲ့တာဝန်ကို အကောင်းဆုံးအနေအထားရောက်အောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်"**ဟု ဦးတင်မြင့်အောင်က မြန်မာ့အလင်းသို့ ပြောကြားခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

ကျောက်တံတားမြို့နယ် အမှတ်(၅)ရပ်ကွက်၌ မူခင်းကင်းမဲ့ဇုန်အဖြစ် မြို့နယ်ရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိရာ မတ် ၄ရက်က မူခင်းကင်းမဲ့ရေးနှင့် မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို အမှတ်(၅)ရပ်ကွက် ဓမ္မာရုံ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဌေးလွင် ပညာပေး ဟောပြောစဉ်။ (မြို့နယ်ရဲတပ်ဖွဲ့)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ် မတ်လအတွက်

၈-၃-၂၀၀၉ ရက်နေ့ နှင့် ၂၉-၃-၂၀၀၉ ရက်နေ့

မတ်၄ရက်က ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသော ရန်ကုန် အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်၏ ရက်သတ္တပတ်မူခင်းကျဆင်းရေးနှင့် မူကင်းကင်းမဲ့ရေး ပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဘုန်းမြင့်က ပညာပေးဟောပြောစဉ်။

(မြို့နယ်ရဲတပ်ဖွဲ့)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
အငယ်တန်းသတင်းထောက်နှင့် စာပေလက်ထောက်-၂ ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲကျင်းပမည်

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ အငယ်တန်းသတင်းထောက်နှင့် စာပေလက်ထောက်-၂ လစာနှုန်းကျပ် (၃၉၀၀၀-၁၀၀၀-၄၄၀၀၀) ရာထူး (၁၀)နေရာ၌ ဖြည့်စွက်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်း အမှတ် ၂၂/၃၂ရှိ နယူးလိုက်အော့(ဖ်) မြန်မာသတင်းစာတိုက် အဆောက်အအုံ (အပေါ်ဆုံးထပ်)၌ ၂၁-၃-၂၀၀၉ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။

၁၈-၃-၂၀၀၉ရက်နေ့မှစ၍ The New Light of Myanmar စီမံရေးရာဌာနတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ယူရမည်ဖြစ်သည်။ လာရောက်ဖြေဆိုချိန်တွင် (က) ဘွဲ့လက်မှတ်၊ (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား၊ (ဂ) ဖြေဆိုခွင့်ကတ်ပြားတို့ကို တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်လာရမည်ဖြစ်သည်။

ဖြေဆိုရမည့်အစီအစဉ်မှာ ၂၁-၃-၂၀၀၉ရက်နေ့ နံနက် ၉ နာရီမှ ၁၁နာရီအထိ အင်္ဂလိပ်စာ၊ မွန်းတည့်ချိန် ၁၂နာရီမှ မွန်းလွဲ ၂နာရီအထိ မြန်မာစာနှင့် အထွေထွေဗဟုသုတ(ပြည်တွင်း/ ပြည်ပ)ဘာသာရပ်များဖြစ်သည်။

လျှောက်ထားသူများအနက် ဖြေဆိုခွင့်ရရှိသူများထံသို့ စာတိုက်မှတစ်ဆင့် အကြောင်းကြားစာများပို့ထားပြီးဖြစ်၍ သိလိုသည်များကို နယူးလိုက်အော့(ဖ်)မြန်မာသတင်းစာတိုက် စီမံရေးရာဌာန ဖုန်း-၀၁-၃၉၂၂၂၅၊ ၀၁-၃၉၂၂၂၆တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း



မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

သရက်မြို့နေ ဦးလွန်းရွှေ(မြို့နယ်ပညာရေးမှူး-ငြိမ်း)-ဒေါ်တင်ရီ
တို့၏ တစ်ဦးတည်းသောသား

ဗိုလ်မှူးနေမင်း

B.E (Aero), (Y.T.U), M.E (Flight Dynamics and Control) M.A.I

နှင့်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်(ကွဲဆည်ကန်)၊ ၁လမ်း၊ အမှတ် ခ/၂၁ နှင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်အလယ်လမ်း၊ Delta Plaza၊ တိုက် D-2၊ အခန်း ၅၀၂နေ (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးထွန်းကြည်)-ဒေါ်ခင်မြင့် (ငြိမ်း၊ သချာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏သမီးလတ်

ဒေါက်တာစန္ဒာထွန်း

M.B.,B.S, Med.Sc (O & G)

ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့

တို့၏ ၂၆-၁၂-၂၀၀၈ရက်တွင် မန္တလေးမြို့နေအိမ်၌ပြုလုပ်ခဲ့သည့် စေ့စပ်ပွဲတွင် ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၂၁-၂-၂၀၀၉ရက်တွင် Traders Hotel ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးအားလည်းကောင်း၊ အသိသက်သေများအဖြစ်ဆောင်ရွက်ပေးပါသော ဗိုလ်မှူးချုပ်စိုးတင့်(ငြိမ်း)နှင့်ဒုတိယဗိုလ်မှူးကြီးသန်းဆွေတို့အားလည်းကောင်း၊ ၁-၃-၂၀၀၉ရက်တွင် Summit Parkview Hotel မင်္ဂလာညည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ် လက်စွပ်ချီးမြှင့်ပေးပါသော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီး ဒေါ်ခင်ဝင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်(ငြိမ်း)နှင့်ဇနီး ပါမောက္ခ ဒေါက်တာဒေါ်နန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ ကြွရောက်ချီးမြှင့်အားပေးကြသော ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)၏ဇနီး ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါက်တာဦးအောင်မွန်(Rector/Advisor, UOP)နှင့်ဇနီး ဒေါက်တာဒေါ်သန်းသန်းတင် (Cherry) (ပါမောက္ခ/ဌာနမှူး၊ သားဖွားမီးယပ်ဌာန၊ ဆေး-၁၊ ရန်ကုန်)၊ ပါမောက္ခ ဒေါက်တာဦးဝင်းမြင့် (ခွဲစိတ်ဆရာဝန်ကြီး)နှင့်ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ခင်သိန်းဦး(သားဖွားမီးယပ်ဆရာဝန်ကြီး)၊ ပါမောက္ခ ဒေါက်တာဦးအောင်မြင့် (ခွဲစိတ်ဆရာဝန်ကြီး)နှင့်ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ခင်မွန်(သားဖွားမီးယပ်ဆရာဝန်ကြီး)၊ ဦးရွှေဇင်ဦးနှင့်ဇနီး ပါမောက္ခချုပ် ဒေါက်တာဒေါ်နီလာသိန်း (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ ဦးဝင်းအောင်(ကျောင်းအုပ်ကြီး၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်)နှင့်ဇနီး ဒေါ်စန်းစန်းရီ၊ ဗိုလ်မှူးချုပ်သူရမြင့်သိန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ကြည်ကြည်ဌေးတို့အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ အထူးကုဆရာဝန်ကြီးများနှင့်ဇနီးများ၊ အထူးကုဆရာဝန်များ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် မေတ္တာစေတနာဖြင့် ဆောင်ရွက်ပေးပါသော အကယ်ဒမီဆုများရှင် ဦးငြိမ်းမင်း၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် မအိမ့်မျက်သွယ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော ညီမငယ် ဒေါက်တာဆွေဆွေသန်း၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ညီမငယ် ခင်မြတ်စု၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်မိဘများနှင့်
ဗိုလ်မှူးနေမင်း-ဒေါက်တာစန္ဒာထွန်း။

Kaung Myat Myanmar Amateur Open Golf Championship
ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Kaung Myat Companies (KM Golf Center)က အဓိက ကူညီပံ့ပိုးသော Kaung Myat Myanmar Amateur Open Golf Championship 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ်၃ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁)တီခုံ၌ နေရာယူကြပြီး မြန်မာပီဂျီအေနှင့် မြန်မာဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း) **(ဝဲပုံ)**၊ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း၊ Kaung Myat Companies (KM Golf Center)မှ မန်နေဂျင်း ဒါရိုက်တာ ဦးမောင်မောင်မြင့်နှင့် IBTC မှ အမှုဆောင် ဒါရိုက်တာ ဦးတင့်ဦးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြကာ ပထမနေ့ ၁၈ကျင်းပြိုင်ပွဲကို စတင် ကျင်းပသည်။

ပထမနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် ဌေးအောင်ဌေးက ရိုက်ချက် ၆၉ ချက်ဖြင့်ဦးဆောင်ကစားလျက်ရှိသည်။

နေဗလဝင်းမြင့်က ရိုက်ချက်၇၀ ဖြင့် ဒုတိယ၊ အောင်ဝင်း(သစ်တော)က ရိုက်ချက် ၇၂ချက်ဖြင့် တတိယနှင့် သိန်းအေး၊ ရန်နိုင်ဖြိုး၊ လင်းသဲနှင့် မောင်မောင်ဦးတို့ကရိုက်ချက်၇၅ချက်စီဖြင့် စတုတ္ထလိုက်နေကြသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကိုမြန်မာ့ဂေါက်သီးအကျော်အမော်များ ပေါ်ထွက်လာရေးအတွက်ရည်ရွယ်၍Main Sponsor အဖြစ်Kaung Myat Companies (KM Golf Center) က အဓိက ကူညီပံ့ပိုးပြီး Co-sponsors များအဖြစ် International Beverages Trading Co.,Ltd.နှင့် Air Bagan Ltd.တို့ကထပ်မံပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးစီးပွားရေးလမ်းညွှန် ၂၀၀၉ စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၅

နှစ်စဉ် ထုတ်ဝေလျက်ရှိသော မန္တလေးစီးပွားရေး လမ်းညွှန် (Mandalay Business Directory) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အောက်ပုံ)**

ယင်းစာအုပ်တွင် မန္တလေးအပါအဝင် မုံရွာ၊ ပခုက္ကူ၊ ရွှေဘို၊ ကလေး၊ တမူး၊ မကွေး၊ မြင်းခြံ၊ မိတ္ထီလာ၊ တောင်ကြီး၊ မိုးကုတ်၊ လားရှိုး၊ မူဆယ်၊ မြစ်ကြီးနား၊ ဗန်းမော်၊ ပုဂံ-ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ စစ်ကိုင်း၊ မတ္တရာမြို့များနှင့် ယင်းမြို့များနှင့် ဆက်စပ်လျက်ရှိသော မြို့များအပါအဝင် မြန်မာပြည် (အထက်ပိုင်း) မြို့ပေါင်း ၄၇ မြို့တို့၏ စီးပွားရေးလုပ်ငန်း လိပ်စာအချက်အလက်များ၊ ဖုန်းနံပါတ်များနှင့် စီးပွားရေးကြော်ငြာများကိုအတွင်းအရောင်စုံဖြင့် ရိုက်နှိပ်ဖော်ပြထားသည်။

စုစည်းဖော်ပြထား

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့ကို ဖော်ပြထားသော လုပ်ငန်းအမျိုးအစားခေါင်းစဉ်၇၀၀ကျော်နှင့် လုပ်ငန်းလိပ်စာ အချက်အလက်ပေါင်း ၇၈၀၀၀ကျော်တို့ကိုလည်း စုစည်း၍ ဖော်ပြထားသည်။

မန္တလေးစီးပွားရေးလမ်းညွှန်စာအုပ်ကို မြန်မာဘာသာနှင့် ထုတ်ဝေထားခြင်းဖြစ်ပြီးလုပ်ငန်းခေါင်းစဉ်နှင့် စီးပွားရေးလုပ်ငန်းလိပ်စာ အချက်အလက်များကို အသုံးပြုလွယ်ကူစေရန် မြန်မာအက္ခရာစဉ် နည်းဖြင့် စီစဉ်ဆောင်ရွက်ထားသည်။

ဖြန့်ချိ

မန္တလေးစီးပွားရေးလမ်းညွှန်ကို ၄/၆၊၂၄-၂၅လမ်းကြား ၆၂-၆၃ လမ်းကြား မြစန္ဒာလမ်းသွယ် အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂၂၀၀၊ ၃၈၂၂၅ နှင့် အမှတ် ၁၄၅၊ ၃၆ လမ်း (လယ်)ကျောက်တံတားမြို့နယ်နှင့် ဖုန်း-၂၅၃၂၈၅၊ ၂၅၀၁၂၁ တို့မှ ဖြန့်ချိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခာအုပ်ခာဖေ
လှူ့မိတ်ဆွေ

သစ်တောသစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

စမ်းချောင်းမြို့နယ်တွင် မူခင်းကျဆင်းရေး ဟောပြော

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး၏ဦးဆောင်မှု၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် စမ်းချောင်းမြို့နယ်အတွင်း မူခင်းကျဆင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ပညာပေးဟောပြောပွဲကို ယမန်နေ့ညက လင်းလွန်း(တောင်)ရပ်ကွက် မီးရထားမွှေးရုံ၌ ပြုလုပ်သည်။

တက်ရောက်

အခမ်းအနားသို့ စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်မောင်သိန်း၊ စခန်းမှူး ရဲအုပ်ကျော်ကျော်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ လင်းလွန်း(တောင်)ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်အောင်နှင့် အဖွဲ့ဝင်များ၊ မီးရထားရိပ်သာဝန်ထမ်း မိသားစုများ စုစုပေါင်း အသင်းသား ၁၁၀ ခန့် တက်ရောက်ကြသည်။

ပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်မောင်သိန်းနှင့် စခန်းမှူး ရဲအုပ်ကျော်ကျော်တို့က မှတ်သားဖွယ်ရာများကို ရှင်းလင်းဟောပြောကြသည်။ **(ယာပုံ)** (၁၀၃)

အိမ်တွင်းသက်မွေးမှု အတတ်ပညာ စက်ချုပ်သင်တန်းဆင်းပွဲ ပေါင်မြို့၌ ကျင်းပ

ပေါင် ဖေဖော်ဝါရီ ၈

ပေါင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် FXB (Myanmar)အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်တွင်းသက်မွေးမှုအတတ်ပညာ စက်ချုပ်သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၀ရက် နံနက်၉နာရီက ပေါင်မြို့ မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ သင်တန်းဆင်းပွဲတွင် သထုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ရီရီလွင်နှင့် FXB (Myanmar)အဖွဲ့ မွန်ပြည်နယ်တာဝန်ခံ ဒေါက်တာဒေါ်ဝင်းဝင်းခိုင်တို့က အမှာစကား အသီးသီးပြောကြားကြပြီး ပေါင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြလင်းစိန်က သင်တန်းနည်းပြဆရာမ နှစ်ဦးအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

သင်တန်းဆင်း

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ FXB(Myanmar) ပြည်နယ်တာဝန်ခံ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စက်ချုပ်သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြပြီး သင်တန်းသူတစ်ဦးက သင်တန်းသူများ ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (၁၇၆)

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ကမ်းနားလမ်း ကတ္တရာခင်းဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၆ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဟိန်မွေရပ်ကွက် စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းစံဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းဖေနှင့် ဟိန်မွေရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဟုမ္မလင်းမြို့နယ် ပြန်/ဆက်ဦးစီးဌာန နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းစည်းဝေး

ခန္တီး ဖေဖော်ဝါရီ ၂၈

(၁၈)နှစ်မြောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲနှင့် အထက်ချင်းတွင်း(၂) ခရိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၈နာရီက ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဆွေးနွေးမှာကြား

ရေးဦးစွာ စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များ၊ ၂၀၀၉-၂၀၁၀ခုနှစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရည်မှန်းချက်များနှင့် ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ရပ်နှင့်အညီ ရှင်သန်ခိုင်မာရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

ဆက်လက်ပြီး ခန္တီးခရိုင်နှင့် မော်လိုက်ခရိုင်တို့မှ ဦးစီးအရာရှိများနှင့် မြို့နယ်ဦးစီးမှူးများက ၂၀၀၈-၂၀၀၉ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော ဌာနလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် အကြံပြုသုံးသပ်ချက်များ၊ စာကြည့်တိုက်စံ(၅)ရပ်နှင့်အညီ ရှင်သန်ခိုင်မာရေးဆောင်ရွက်နေမှုနှင့် ၂၀၀၉-၂၀၁၀ခုနှစ်အတွင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြဆွေးနွေးသည်။

ထို့နောက် စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက အထက်ချင်းတွင်း(၂)ခရိုင်မှ ဦးစီးအရာရှိများနှင့် မြို့နယ်ဦးစီးမှူးများ၏ တင်ပြချက်များအပေါ် ခြုံငုံသုံးသပ်၍ အားနည်းချက်၊ အားသာချက်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။ (ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

တပ်မတော်နေ့ ဂုဏ်ပြု (၁၁၂)ကြိမ်မြောက် သွေးလှူ

ရန်ကုန် မတ် ၅

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၃) သုဓမ္မဇောတိကဓဇ ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)စာပေဆုများနှင့် လူမှု ထူးချွန်(တတိယ/ပထမဆင့်) ဆုရှင် **(အပေါ်ပုံ)**သည် အမှတ်(၂) တပ်မတော်ဆေးရုံကြီးတွင် မတ် ၃ရက်က(၁၁၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။ **(မြန်မာ့အလင်း)**

ဝန်းသိုမြို့ လက်ပံကျင်းကျေးရွာ မူလွန်ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ဝန်းသို ဖေဖော်ဝါရီ ၂၂

ကသာခရိုင် ဝန်းသိုမြို့နယ် အောင်းပင်အုပ်စု လက်ပံကျင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၉နာရီက ကျောင်းဆောင်သစ်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို မြို့နယ်ပညာရေးမှူး ဦးသာအောင်နှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ပညာရေးမှူး ဦးသာအောင်က အမှာစကားပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**



ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ညောင်ပင်သာ - ကညင်ဒိုင်း မြေသားလမ်း လက်ရှိအခြေအနေကို ဇန်နဝါရီ ၇ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၄ရက်က ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ရွှေကျင်-ခြေတော်ရာ ကျေးလက်ဝင်ခင်းခြင်း လုပ်ငန်းပြီးစီးမှုကို ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဘုရားသီးတောင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ခြင်းနှင့် ပေါင်းပင်များ ရှင်းလင်း ခြင်း တို့ ကို ဖေဖော်ဝါရီ ၃ရက်က အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာဦးမင်းမင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မှုခင်းသတင်း

ရွှေထည်နှင့်ငွေသား ကျပ်သိန်း၁၀၀ဖိုး ခိုးယူမှု လေးနာရီအတွင်း ဖော်ထုတ်နိုင်မှုအတွက် ပေါင်းတည်မြို့၌ ဂုဏ်ပြုပွဲကျင်းပ

ပေါင်းတည် ဖေဖော်ဝါရီ ၂၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ရဲတပ်ဖွဲ့ ရဲရိပ်သာ၌ ဖေဖော်ဝါရီ ၁၉ရက် မွန်းလွဲ ၁နာရီက ပိုင်ရှင်ထံ ရွှေထည်ပစ္စည်းများနှင့် ငွေသားများ ပြန်လည်ပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမော်က ပိုင်ရှင်ထံသို့ ပစ္စည်းများ စနစ်တကျ ပြန်လည်ပေးအပ်ခြင်းအကြောင်း၊ စခန်းမှူး ရဲအုပ်ပြုံးလွင်က အမှုမှန်ဖော်ထုတ်ဆောင်ရွက်ခဲ့ပုံတို့ကို ရှင်းလင်းပြီး ခရိုင်ရဲတပ်ဖွဲ့မှူးက ငွေကျပ်သိန်း ၅၀ကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများနှင့် ငွေသားကျပ်သိန်း ၅၀ခန့် စုစုပေါင်းတန်ဖိုးကျပ်သိန်း ၁၀၀ကျော်ခန့်တို့ကို ပိုင်ရှင်ဦးဝင်းဦးထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည်။**(ယာပုံ)**

ဖြစ်ပွားပုံမှာ ပေါင်းတည်မြို့ ၁၃ လမ်းနေ ပိုင်ရှင်ဦးဝင်းဦးသည် မိမိနေအိမ်၌ ရွှေထည်ပစ္စည်းနှင့်ငွေသားကျပ်သိန်း ၁၀၀ကျော်ဖိုးခန့် ခိုးယူခံရကြောင်း ဖေဖော်ဝါရီ ၁၅ရက်က ပေါင်းတည်ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားရာ စခန်းမှူးရဲအုပ်ပြုံးလွင်က အမှုလက်ခံစစ်ဆေးပြီး နယ်ထိန်းခေါင်ဆောင် ဒုတိယရဲအုပ်ကျော်မိုးနှင့်အဖွဲ့အား စနစ်တကျ စုံစမ်းဖော်ထုတ်ရန် တာဝန်ပေးအပ်ခဲ့ရာ လေးနာရီအတွင်း တရားခံဖြစ်သူ နတ်တလင်းမြို့နယ် ဝဲကြီးရွာနေ ဝင်းဝင်း(ခ) စမ်းစမ်းဝင်းထံမှ အဆိုပါပစ္စည်းနှင့် ငွေသားများကို ပြန်လည်သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းဆိုင်ရာ အစည်းအဝေး ဘားအံတွင် ကျင်းပ

ဘားအံ ဖေဖော်ဝါရီ ၂၀

၂၀၀၉ခုနှစ် ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဇန်နဝါရီ ၂၈ရက် မွန်းလွဲ ၁နာရီက ဘားအံမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး(ဝဲပုံ) ပြည်နယ်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်က သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် အရေးကြီးပုံများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး ကရင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ညိမ်းက သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် အဖွဲ့ဝင်များက မိမိတို့ ဌာနအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ လင်းခေး၌ကျင်းပ

လင်းခေး ဖေဖော်ဝါရီ ၁၅

လင်းခေးမြို့နယ် နမ့်နော်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏၂၀၀၇-၂၀၀၈ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် နံနက် ၉နာရီက အဆိုပါ ကျေးရွာအခြေခံပညာမူလတန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိုင်းမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်အောင်က ကျောင်းကျန်းမာရေး ပညာပေးဟောပြော ဆွေးနွေးသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအယ်လ်စိုးတန်တူးက လူငယ်နှင့်အကျင့်စာရိတ္တမြင့်မားရေးခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ပညာရည်ချွန်ဆု ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နမ့်နော်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းသား ကျောင်းသူလေးများက ပညာရေးစုံညီပဒေသာအကနှင့် ဖျော်ဖြေကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

လေ့ကျင့်ဆောင်ရွက်

မြင်းခြံခရိုင် ကျောက်ပန်းတောင်း မြို့နယ် ဝါကြိတ်လုပ်ငန်းစက်ရုံ (ဆည်ပေါက်)၏ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၁ရက်က စက်ရုံမှူး ဦးခင်မောင်စိုး၊ ဒုတိယစက်ရုံမှူးဒေါ်မြမြဝင်းနှင့် စက်ရုံဝန်ထမ်းများ ဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

ဘူးသီးတောင် မြို့ပတ်လမ်းတံတား ဆောက်လုပ်မှု

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပတ်လမ်း တံတားအမှတ်(၂)ဆောက်လုပ်နေမှုကို ဖေဖော်ဝါရီ ၁၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

စက်ရေတွင်းတူးဖော်

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ဖောင်တော်သီ ဈေးအတွင်း နှစ်လက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံနှင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၀ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဦးလေးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ချက်များ ဆန်းစစ်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

ဘုတလင် ဖေဖော်ဝါရီ ၁၂

ကျန်းမာရေးဦးစီးဌာန ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ချက်များ ဆန်းစစ်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ဇန်နဝါရီ ၂၇ရက် နံနက် ၉နာရီက မုံရွာခရိုင် ဘုတလင်မြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာဌာန(ရုံးချုပ်) ဒုတိယစီမံချက် မန်နေဂျာ ဦးကျော်နိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးလက်ကျန်းမာရေးဌာနမှူးများ၊ သူနာပြုဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာထားထားက မြို့နယ်အတွင်း ပြည်သူသို့ ကျန်းမာရေးအထောက်အကူနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရုံးချုပ်မှ လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်အေးက အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်များနှင့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသိန်းထွန်းဦး တာဝန်ယူတူးဖော်ဆောင်ရွက်သော ရှမ်းစုကျေးရွာစက်ရေတွင်း ရေထွက်နှုန်း ကောင်းမွန်စေရေးအတွက် အမှုဆောင်အရာရှိဦးသန်းဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပေါင်မြို့၌ ဘဝအလင်းစာကြည့်တိုက်ဖွင့်

ပေါင် မတ် ၁

ပေါင်မြို့ နတ်မော်ကျေးရွာအုပ်စု ကျုံကိုင်ကျေးရွာတွင် ဘဝအလင်းစာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်မျိုးစုံလှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာထောက်(၃) ဒေါ်မီယဉ်ယဉ်မွန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသော စာအုပ်နှင့် ဂျာနယ်မျိုးစုံ ၁၅၀တို့ကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းက လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသက်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးရဲလတ်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တာဝန်ခံ ဦးကျော်မျိုးမြင့်နှင့် တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ ပူးပေါင်းပြီး ဇန်နဝါရီ ၂၅ ရက်က မြို့မဈေးကြီးရှေ့၌ လက်တွေ့သရုပ်ပြကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သဃ်္ဃန်းကျွန်းမြို့နယ် အမက(၂၃) ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၃ရက်က ကျင်းပရာ ဒုတိယတန်းမှ ပဥ္စမဆုရ မချောစုရည်လင်းအား ကျောင်းအုပ်ဆရာကြီး ဦးကိုကိုအောင်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကြို့ပင်ကောက်မြို့နယ် ထွေ/အုပ်ဦးစီးဌာန မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသ

ကြို့ပင်ကောက် မတ် ၁

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ဖေဖော်ဝါရီ ၂၁ရက်က မီးငြိမ်းသတ်နည်းသရုပ်ပြပွဲ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးချစ်ကိုဝင်းက မီးငြိမ်းသတ်နည်းများ ရှင်းလင်းပြောကြားပြီး မြို့နယ်အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဇော်ဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ပူးပေါင်း၍ မီးငြိမ်းသတ်နည်း သရုပ်ပြပွဲ ကျင်းပကြကြောင်း သိရသည်။

(၁၈၀)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများ စစ်တွေမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့သည် မတ် ၂ရက် ညနေ ၄နာရီတွင် စစ်တွေမြို့ကို သောက်သုံးရေဖြန့်ဝေပေးနေသည့် ကန်တော်ကြီးရေပေးရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်နေသော လုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၍ စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က စစ်တွေမြို့ မြို့ရေပေးရေးအတွက် ဖြန့်ဝေပေးနေမှု၊ ကန်တော်ကြီးရေကန်ကို ပိုမိုလုံလောက်စွာ ရေသိုလှောင်နိုင်ရေးအတွက် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် မြို့လူထုသောက်သုံးရေ ပိုမိုရရှိရေးအတွက်ဆောင်ရွက်ရန်လျာထားသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။ *စာမျက်နှာ ၁၀ ကော်လံ ၃* ✻

မှိုမှ ဇီဝဒီဇယ်ထုတ်ယူနိုင်မည်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

သဘာဝအလျောက် သစ်ပင်များပေါ်တွင် ပေါက်နေသောမှိုများနှင့် အခြားမှိုများအတွင်း ဒီဇယ်ဓာတ်ပေါင်းများကို ရှာဖွေတွေ့ရှိရကြောင်း အမေရိကန်နိုင်ငံ ပါစကိုမြို့ သုတေသနဌာနမှ ပညာရှင်များက ထုတ်ဖော်ပြောကြားသည်။ *စာမျက်နှာ ၁၀ ကော်လံ ၅* ❒

မြန်မာ့ဘောလုံး အမျိုးသားလက်ရွေးစင်အသင်း အောင်မြင်မှုရရှိရေး မြန်မာနိုင်ငံသား နည်းပြချုပ်က တာဝန်ယူဆောင်ရွက်မည်

✍ အမေး/အရေး - မောင်မောင်မြင့်ဆွေ
✍ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
✍ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် မတ် ၅

မြန်မာ့အမျိုးသားဘောလုံးလက်ရွေးစင်အသင်းကို မြန်မာလူမျိုးနည်းပြကပင် တာဝန်ယူဆောင်ရွက်တော့မည်ဖြစ်သည်။ မြန်မာ့အမျိုးသားဘောလုံးလက်ရွေးစင်အသင်းကို မြန်မာလူမျိုးနည်းပြများက အောင်မြင်မှုရရှိရန် စွမ်းဆောင်နိုင်ခဲ့ကြသည့် အစဉ်အလာကောင်းများလည်း ရှိခဲ့သည်။

စတင်တာဝန်ယူ

ထို့ကြောင့် မြန်မာ့အမျိုးသားဘောလုံးလက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဦးတင်မြင့်အောင်နှင့် တွေ့ဆုံကာ နည်းပြချုပ်အဖြစ် *စာမျက်နှာ ၁၁ ကော်လံ ၁* ■

သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဒေသခံ တိုင်းရင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းစေသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့က ဝူးလုံ(အထွက်တိုး) လက်ဖက်စိုက်ခင်း

လားရှိုးခရိုင် တန့်ယန်းမြို့နယ် ခိုယောင်းကျေးရွာအုပ်စုအနီး တည်ဆောက်ထားသော လက်ဖက်ခြောက်စက်ရုံကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

➢ သတင်းခရီးသည် - ထိန်လင်း(မြန်မာ့အလင်း)
➢ ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)
➢ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

တန့်ယန်း မတ် ၅

လက်ဖက်ဆိုသည်နှင့် ရှမ်းပြည်နယ်နှင့်တွဲဖက်၍ လူသိများကြသည်။ လက်ဖက်တွင် လက်ဖက်စိုနှင့် လက်ဖက်ခြောက်ဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ လက်ဖက်အစိုကို အကြော်စုံနှင့် တွဲဖက်၍ မြန်မာတို့စားသုံးကြသည်။ ဧည့်ခံပွဲများ၊ မင်္ဂလာဆောင်အခမ်းအနားများနှင့် အိမ်သို့ ဧည့်သည်များလာလျှင် လက်ဖက်ဖြင့် ဧည့်ခံကျွေးမွေးခြင်းကို မြန်မာတို့အစဉ်အလာအဖြစ် ကျင့်သုံးနေဆဲဖြစ်သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ●